

၂၀၀၆ ခုနှစ် ပင်လယ်ရေကြောင်းလုပ်သားဆိုင်ရာသဘောတူညီချက်

# သင်္ဘောသားများ၏ အခွင့်အရေးကြေညာစာတမ်း

## ILO ထံတင်ပြသော သင်္ဘောသားများအတွက် ITF လမ်းညွှန်ချက်

itf

The ITF (International Transport Workers' Federation) is a global federation representing nearly five million transport workers worldwide. Currently around 700 transport unions from 150 countries are affiliated to the ITF.

**Cover Photo: ITF Archive**
**Inside photos: ITF Archive**

The Maritime Labour Convention, 2006

# A Seafarers' Bill of Rights

**An ITF Guide for Seafarers to the ILO Maritime Labour Convention, 2006**

Published by:

The International Transport Workers' Federation (ITF)
49-60 Borough Road, London SE1 1DR, UK

# အကြောင်းအရာများ

## အသုံးအနှုန်းများ နှင့် အတိုကောက်စကားလုံးများ

## ၁။ ၂၀၀၆ ခုနှစ် ပင်လယ်ရေကြောင်း လုပ်သားဆိုင်ရာသဘောတူညီချက် (MLC)

ပင်လယ်ရေကြောင်း လုပ်သားဆိုင်ရာသဘောတူညီချက် (MLC) ကိုမည်သည့်အတွက်ကြောင့် အတည်ပြုခဲ့ကြသနည်း။

MLC သည် မည်သည့်အချိန်တွင် မည်ကဲ့သို့ စတင်အသက်ဝင်မည်နည်း။

MLC အောက်တွင် မည်သူတို့အကျုံးဝင်သနည်း။ မည်သည့်ရေယာဉ်၊ မည်သည့် သင်္ဘောသားများနည်း။

အခြေခံအခွင့်အရေးများ၊ လုပ်သားများ၏ အခွင့်အရေးများနှင့် MLC

သင်္ဘောသားများ၏ အခွင့်အရေးများ

၎င်း၏ သက်ရောက်ပုံ

MLC ၏ ဖွဲ့စည်းပုံ

တန်းတူညီမျှမှု အနှစ်သာရ

သင်္ဘောပိုင်ရှင်များ နှင့် သင်္ဘောသားများဆိုင်ရာ အဖွဲ့အစည်းများနှင့် တိုင်ပင်ဆွေးနွေးမှု

## ၂။ MLC အရသင်၏ အခွင့်အရေးများ (ခေါင်းစဉ် ၁-၄)

### ခေါင်းစဉ် ၁ - သင်္ဘောတစ်စီးပေါ်တွင် အလုပ်လုပ်ရန် သင်္ဘောသားများအတွက် အနိမ့်ဆုံးလိုအပ်ချက်များ

အနိမ့်ဆုံးအသက်အရွယ်

ကျန်းမာရေးထောက်ခံချက်လက်မှတ်

လေ့ကျင့်သင်ကြားခြင်း နှင့် အရည်အချင်းများ

လုပ်သားခေါ်ယူခြင်း နှင့် သင့်တော်သောနေရာပေးခြင်း

လုပ်သားခေါ်ယူသော အေးဂျင့် (သို့) အလုပ်အကိုင်ရှာဖွေရေးကုမ္ပဏီသည် ယုံကြည်စိတ်ချနိုင်ဖွယ် ရှိမရှိကို မည်သို့ပြောနိုင်ကြောင်း

### ခေါင်းစဉ် ၂ - အလုပ်ခန့်အပ်မှုအခြေအနေများ

သင်္ဘောသားများ၏ အလုပ်ခန့်အပ်ခြင်း သဘောတူညီမှုစာချုပ်များ

သင်၏ အလုပ်ခန့်အပ်ခြင်း သဘောတူညီမှုစာချုပ်တွင် မည်သည်တို့ပါဝင်ရမည်နည်း။

လုပ်ခလစာများ

အချိန်ပို

အိမ်သို့ငွေပေးပို့ခြင်း

သင်၏ ခံစားပိုင်ခွင့်များ

အလုပ်လုပ်ချိန် နှင့် အနားယူချိန်

ခွင့်ရက်ခံစားပိုင်ခွင့်

နေရပ်ပြန်ပို့ခြင်း

သင်္ဘောပျောက်ဆုံးခြင်း (သို့) နစ်မြုပ်ခြင်းအတွက် သင်္ဘောသားကို လျော်ကြေးပေးခြင်း၊ လုပ်သား အင်အားအဆင့်များ

သင်္ဘောသားများ ခန့်အပ်မှုအတွက် ဘဝတက်လမ်း၊ စွမ်းဆောင်ရည်တိုးတက်မှု နှင့် အခွင့်အလမ်းများ

**ခေါင်းစဉ် ၃ - နေရာထိုင်ခင်း၊ အပန်းဖြေပစ္စည်းများ၊ အစားအသောက်နှင့် အကျွေး အမွေး စီမံခြင်း**

နေရာထိုင်ခင်း နှင့် အပန်းဖြေပစ္စည်းများ

အစားအသောက် နှင့် အကျွေးအမွေးစီမံခြင်း

**ခေါင်းစဉ် ၄ - ကျန်းမာရေးကာကွယ်စောင့်ရှောက်မှု၊ ဆေးကုသမှု၊ သက်သာချောင်ချိ ရေး နှင့် လူမှုဖူလုံရေးအကာအကွယ်**

သင်္ဘောပေါ် နှင့် ကမ်းကပ်စဉ် ကျန်းမာရေးစောင့်ရှောက်မှု

သင်္ဘောပေါ်တွင် ဆေးကုသရေးအထောက်အပံ့များ

သင်္ဘောပိုင်ရှင်များ၏ တာဝန်

ကျန်းမာရေး၊ ဘေးကင်းလုံခြုံရေး နှင့် မတော်တဆထိခိုက်မှုကာကွယ်ခြင်း

ငယ်ရွယ်သောသင်္ဘောသားများ

ကမ်းပေါ်အခြေစိုက် သက်သာချောင်ချိရေး အထောက်အပံ့များရရှိနိုင်ခွင့်

ကောင်စစ်ဝန်ရုံးများ

လူမှုဖူလုံရေး

လူမှုဖူလုံရေးဆိုသည်မှာအဘယ်နည်း။

## ၃။ သင်၏အခွင့်အရေးများကိုကာကွယ်ခြင်း (ခေါင်းစဉ် ၅)

**ခေါင်းစဉ် ၅ - လေးစားလိုက်နာခြင်းနှင့်အကျိုးသက်ရောက်စေခြင်း**

ရေယာဉ်မှတ်ပုံတင်ထားသော နိုင်ငံတာဝန်ဝတ္တရားများ

ပင်လယ်ရေကြောင်း လုပ်သားဆိုင်ရာ လေးစားလိုက်နာခြင်း ကြေညာချက်

ပင်လယ်ရေကြောင်း လုပ်သားဆိုင်ရာ တရားဝင်လက်မှတ်

တရားဝင်လက်မှတ်များ နှင့် ဆက်စပ်စာရွက်စာတမ်းများ

တရားဝင်လက်မှတ်တစ်ခုသည် မည်သည့်အချိန်တွင် သက်တမ်းကုန်ဆုံးသနည်း။

စစ်ဆေးမှု နှင့် အကျိုးသက်ရောက်စေခြင်း

သင်္ဘောပေါ် တိုင်ကြားချက်လုပ်ငန်းစဉ်များ

ပင်လယ်ရေကြောင်းတွင် ထိခိုက်ဒဏ်ရာရသူ၊ သေဆုံးသူများ

ဆိပ်ကမ်းအာဏာပိုင်တာဝန်ဝတ္တရား

ဆိပ်ကမ်းတွင် စစ်ဆေးမှုများ

ဆိပ်ကမ်းပေါ်တိုင်ကြားချက်စီမံမှု လုပ်ငန်းစဉ်များ

လုပ်သားထောက်ပံ့ခြင်းတာဝန်ဝတ္တရားများ

## ၄။ MLC ထဲသို့ ပေါင်းထည့်ထားသော သဘောတူညီချက်များ

## ၅။ MLC အညွှန်း - သင်ရှာလိုသည်ကို မည်သည့်နေရာတွင် တွေ့နိုင်မည်နည်း။

## အသုံးအနှုန်းများနှင့် အတိုကောက်စကားလုံးများ

**CBA** - အလုပ်ရှင်၊ အလုပ်သမားညှိနှိုင်းသဘောတူညီချက် - အလုပ်သမားတစ်စု၏ ကိုယ်စားသမဂ္ဂတစ်ခုမှ စေ့စပ် ညှိနှိုင်းထားသောစည်းကမ်းချက်များ နှင့် ကန့်သတ်ချက်များဆိုင်ရာသဘောတူညီချက်။

**Competent authority** - ကြေညာချက်၏ အကြောင်းအရာတစ်ခုခု နှင့် စပ်လျဉ်း၍ စည်းမျဉ်းများ (သို့) အခြားဥပဒေရေးရာ ညွှန်ကြားချက်များထုတ်ကာ ခိုင်မာအားကောင်းစေနိုင်သော အခွင့်အာဏာရှိသည့် ဝန်ကြီး၊ အစိုးရဌာန (သို့) အခြားအာဏာပိုင်ကိုဆိုလိုသည်။

**DMLC** - ပင်လယ်ရေကြောင်း လုပ်သားဆိုင်ရာ လိုက်နာကျင့်သုံးခြင်းကြေညာချက် - MLC မှ တရားဝင် လက်မှတ်ထုတ်ပေးထားသော သင်္ဘောများပေါ်တွင် ဆောင်ထားရမည်ဖြစ်သည့် ပင်လယ်ရေကြောင်း လုပ်သားဆိုင်ရာ တရားဝင်လက်မှတ် နှင့် တွဲထားသောစာရွက်စာတမ်းဖြစ်သည်။

**GT** - စုစုပေါင်းတန်ပမာဏ

**ILO** - လူမှုတရားမျှတမှုကို တိုးမြှင့်ရန်နှင့် "ကမ္ဘာလုံးဆိုင်ရာတည်တံ့သောငြိမ်းချမ်းရေး" ကို အထောက်အကူပြုနိုင်ရန် ၁၉၁၉ ခုနှစ်တွင် တည်ထောင်ထားသော အပြည်ပြည်ဆိုင်ရာ အလုပ်သမားအဖွဲ့အစည်းဖြစ်သည်။ ILO တွင် အစိုးရကိုယ်စားလှယ်များ၊ အလုပ်ရှင်၊ အလုပ်သမားအဖွဲ့အစည်းများ၏ ကိုယ်စားလှယ်များ (၎င်းသည်ကို သုံးဘက်ပါဝင်ဖြစ်စဉ်ဟူ၍ ရည်ညွှန်းသည်) ပါဝင်သည်။ ၎င်းနှစ်များအတွင်းတွင် ၎င်းအဖွဲ့သည် အဖွဲ့အစည်းလွတ်လပ်ခွင့်၊ အလုပ်ခန့်အပ်ခြင်း၊ လူမှုမူဝါဒ၊ လုပ်ငန်းအခြေအနေများ၊ လူမှုဖူလုံရေး၊ စက်မှုလုပ်ငန်းဆိုင်ရာဆက်ဆံရေးများ နှင့် လုပ်သားစီမံအုပ်ချုပ်မှု၊ ကလေးလုပ်သားစသည်တို့ ဆိုင်ရာအပြည်ပြည်ဆိုင်ရာအလုပ်သမားသဘောတူညီချက်များ နှင့် အကြံပြုချက်များကိုထုတ်ပြန်ပေးခဲ့သည်။

**IMO** - အပြည်ပြည်ဆိုင်ရာ ပင်လယ်ရေကြောင်းအဖွဲ့အစည်းကို ၁၉၄၈ ခုနှစ်တွင် တည်ထောင်ခဲ့ပြီး ၎င်း၏ ပထမဦးဆုံးအစည်းအဝေးကို ၁၉၅၉ ခုနှစ်တွင် ကျင်းပခဲ့သည်။ ၎င်း၏အဓိကတာဝန်သည် သင်္ဘောဖြင့် ကုန်စည်ပို့ဆောင်ခြင်း၊ ဘေးကင်းရေးကိစ္စရပ်များကိုင်တွယ်ခြင်း၊ သဘာဝပတ်ဝန်းကျင်ဆိုင်ရာပူပန်မှုများ၊ ဥပဒေရေးရာကိစ္စရပ်များ၊ စက်ပိုင်းဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု၊ ပင်လယ်ရေကြောင်းလုံခြုံရေး နှင့် သင်္ဘောဖြင့် ကုန်စည်ပို့ဆောင်ရေးထိရောက်မှုတို့အတွက် ပြီးပြည့်စုံသော စည်းမျဉ်းမူဘောင်တစ်ခုရေးဆွဲထိန်းသိမ်းရန်ဖြစ်သည်။ ILO သည် လုပ်သားများအပေါ်တွင်အလေးပေးရပြီး IMO သည် သင်္ဘောများနှင့် ဆက်စပ်သော စက်ပိုင်းဆိုင်ရာကိစ္စရပ်တို့အပေါ်တွင် အခြေခံအားဖြင့် အလေးပေးသည်။

**MARPOL** - ၁၉၇၃ ခုနှစ် သင်္ဘောများကြောင့် ညစ်ညမ်းမှုမှကာကွယ်ရေးအတွက် အပြည်ပြည်ဆိုင်ရာ သဘောတူညီချက် (နှင့် ၎င်း၏ လုပ်ထုံးလုပ်နည်းနှင့်ကျင့်ဝတ်များ)

**MLC** - ၂၀၀၆ ခုနှစ် ပင်လယ်ရေကြောင်း လုပ်သားဆိုင်ရာ သဘောတူညီချက်

**No more favorable treatment (မျက်နှာသာမပေးသောဆက်ဆံမှု)** - သဘောတူညီချက်ကို လက်မှတ်မထိုးထားသော နိုင်ငံများ၏အလံလွှင့်ထူထားသော သင်္ဘောများမှ သဘောတူညီချက်ကို လက်မှတ်ထိုးထားသော နိုင်ငံများ၏အလံလွှင့်ထူထားသော သင်္ဘောများအပေါ် မျှတမှုမရှိသော အမြတ် ထုတ်မှုမှ ကာကွယ်မည့် စည်းမျဉ်းဖြစ်သည်။

**Recognized Organization (RO)** - အခွင့်အာဏာရှိသောအာဏာပိုင်မှ လုပ်ငန်းတာဝန်များအပ်နှင်းထားသာ (အမျိုးအစားခွဲသည့် လူမှုအဖွဲ့အစည်းတစ်ခုကဲ့သို့သော) အဖွဲ့အစည်းတစ်ခု

**SEA** - သင်္ဘောသားများ အလုပ်ခန့်အပ်ခြင်းဆိုင်ရာ သဘောတူညီချက် - CBA တွင် ပါဝင်သောပြဋ္ဌာန်းချက်များ၊ သဘောတူညီချက်အပိုဒ်ခွဲများ၊ အလုပ်ခန့်အပ်ခြင်းတို့ဆိုင်ရာ သဘောတူညီမှုစာချုပ်တစ်ခုပါဝင်သည်။

**Seafarers' rights (သင်္ဘောသားများ၏ အခွင့်အရေးများ)** – ဘေးကင်းလုံခြုံသော လုပ်ငန်းခွင်ဆိုင်ရာအခွင့်အရေး၊ အလုပ်ခန့်အပ်ခြင်း၏ မျှတသောစည်းကမ်းချက်များဆိုင်ရာ အခွင့်အရေး၊ သင့်တင့်ကောင်း မွန်သောနေထိုင်မှု နှင့် လုပ်ငန်းခွင်အခြေအနေများဆိုင်ရာ အခွင့်အရေး၊ ကျန်းမာရေး ကာကွယ်စောင့်ရှောက်မှု၊ ဆေးကုသမှု၊ သက်သာချောင်ချိရေး အတိုင်းအတာများ နှင့် လူမှုရေးကာကွယ်မှု အခြားပုံစံများဆိုင်ရာ အခွင့်အရေးများအပါအဝင် သင်၏ အလုပ်ခန့်ထားခြင်း နှင့် လူမှုရေးအခွင့်အရေးများ

**SOLAS** - ၁၉၇၄ ခုနှစ် ပင်လယ်ပြင်တွင် ဘေးကင်းလုံခြုံရေးဆိုင်ရာ အပြည်ပြည်ဆိုင်ရာ သဘောတူညီချက်

**STCW** - ၁၉၇၈ ခုနှစ် သင်္ဘောသားများအတွက် လေ့ကျင့်သင်ကြားရေး၊ ထောက်ခံချက် နှင့် စောင့်ကြည့်ရေး စံနှုန်းများဆိုင်ရာ အပြည်ပြည်ဆိုင်ရာ သဘောတူညီချက် (၁၉၉၅ ခုနှစ်တွင် ပြင်ဆင်ခဲ့) ကုံလုံသောညီမျှမှု

**(Substantial equivalence)** - သဘောတူညီချက်၏ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ရန် နိုင်ငံတစ်နိုင်ငံမှ အသုံးပြုသောမည်သည့်ဥပဒေ၊ စည်းမျဉ်း၊ ဘုံသဘောတူညီမှု (သို့) အခြားစံများမဆိုတို့ ဖြစ်သည်။ ဤချဉ်းကပ်မှု၏ ရည်မှန်းချက်များ နှင့် ရည်ရွယ်ချက်များကို ပြည့်မီသရွေ့ သဘောတူညီချက်ပါ ၎င်းအချက်အလက်များ နှင့် ကွဲလွဲခွင့်ရှိသည်။

**WHO** - ကမ္ဘာ့ကျန်းမာရေးအဖွဲ့ - ကျန်းမာရေးဆိုင်ရာ လမ်းညွှန်ချက်များ နှင့် နိုင်ငံတကာအဆင့်မီ စံနှုန်းများကို ညှိနှိုင်းဆောင်ရွက်မှု ပြုရေးတာဝန်ရှိသောကုလသမဂ္ဂအဖွဲ့၏ အဖွဲ့အစည်းဖြစ်သည်။ WHO သည် ၁၉၆၇ ခုနှစ် တွင် ပထမဆုံးထုတ်ဝေခဲ့သောသင်္ဘောများအတွက် အပြည်ပြည်ဆိုင်ရာဆေးကုသရေး လမ်းညွှန်ကိုထုတ်ဝေခဲ့သည်။

# ၁။ ၂၀၀၆ ခုနှစ် ပင်လယ်ရေကြောင်း လုပ်သားဆိုင်ရာ သဘောတူညီချက် အကြောင်း (Maritime Labour Convention, 2016)

## ပင်လယ်ရေကြောင်းလုပ်သားဆိုင်ရာ သဘောတူညီချက်ကို မည်သည့်အတွက်ကြောင့် အတည်ပြုခဲ့ကြသနည်း။

သင်္ဘောဖြင့် ကုန်စည်ပို့ဆောင်ခြင်းလုပ်ငန်း၏ ကမ္ဘာလုံးဆိုင်ရာသဘောသဘာဝကို ထောက်ရှုကာ၊ အထူးသဖြင့် သင်္ဘောသားများသည် အမျိုးသားအလုပ်သမားဥပဒေများ၏ သက်ရောက်မှုကို မရရှိနိုင်သောကြောင့် အထူးအကာအကွယ်တစ်ရပ်လိုအပ်နေကြသည်ဟု ကျယ်ကျယ်ပြန့်ပြန့် လက်ခံထားကြပါသည်။

သင်္ဘောသားများ၏ အခွင့်အရေးကြေညာစာတမ်းဟု လူသိများသော ပင်လယ်ရေကြောင်း လုပ်သားဆိုင်ရာ သဘောတူညီချက်သည် သင်္ဘောသားများအားလုံး ကောင်းမွန်သောလုပ်ငန်းခွင် နှင့် နေထိုင်မှုအခြေအနေများ ရရှိရေးသေချာစေရန် ရှိနှင့်ပြီးသော ပင်လယ်ရေကြောင်းလုပ်သားဆိုင်ရာ သဘောတူညီချက်၊ အကြံပြုချက် (၆၈) တို့နှင့် ၎င်းတို့ထက်ပို၍ ယေဘုယျကျသော အခြေခံစည်းမျဉ်းများအပေါ်တွင် အခြေခံ၍ ပေါင်းစည်းထားသည်။ ကိုးကားနိုင်ရန်အတွက် ဤသဘောတူညီချက် စာရင်းကိုစာအုပ်၏ နောက်ဆုံးတွင် ထည့်သွင်းထားပါသည်။ ၎င်းစာရင်းတွင် ပါဝင်ခြင်းမရှိသော အရေးကြီးသည့် သဘောတူညီချက်အချို့သည် သင်္ဘောသားများ၏ အထောက်အထား စာရွက်စာတမ်းများ (ILO ၁၀၈ နှင့် ၁၈၅)၊ ပင်စင်များ (ILO ၇၁) တို့နှင့် ဆက်စပ်သည်။

(SOLAS ၊ STCW နှင့် MARPOL တို့ကဲ့သို့) သင်္ဘောဘေးကင်းရေး၊ လုံခြုံရေး နှင့် အပြည်ပြည်ဆိုင်ရာ ပင်လယ်ရေကြောင်း အဖွဲ့အစည်း၏ အရည်အသွေးမီ သင်္ဘောစီမံခန့်ခွဲမှုတို့ဆိုင်ရာ စံသတ်မှတ်ချက်များကဲ့သို့သော စည်းမျဉ်းများ နှင့် တန်းတူညီတူဖြစ်စေရန် MLC ကို ဖန်တီးထားသည်။ ၎င်းတို့သည် ရေယာဉ် နှင့် ၎င်း၏ လည်ပတ်မှုအပိုင်းကို အဓိကကိုင်တွယ်ကာ MLC သည် သင်္ဘောသားတစ်ဦးအနေဖြင့် သင်၏ အခွင့်အရေးများကို ကိုင်တွယ်သည်။ MLC သည် အနိမ့်ဆုံးပြဋ္ဌာန်းချက်များကို စီစဉ်တင်ပြခြင်းဖြစ်ပြီး ဤသဘောတူညီချက်ကို အတည်ပြုလက်မှတ်ထိုးထားသော ရေယာဉ်မှတ်ပုံတင်ထားသောနိုင်ငံများ (flag States) စွာတို့တွင် ဤထက်ပိုမိုမြင့်များသော စံနှုန်းများရှိနေနိုင်သည်ဆိုခြင်းကို သိထားသင့်သည်။ သဘောတူညီချက် အသစ်တစ်ခုကို အတည်ပြုလက်မှတ်ထိုးသောအခါတွင် နိုင်ငံများအနေဖြင့် တည်ရှိနေပြီးဖြစ်သော အခွင့်အရေးများကို လျှော့ချပိုင်ခွင့်မရှိပေ။



## MLC သည် မည်သည့်အချိန်တွင် မည်ကဲ့သို့ စတင်အသက်ဝင်မည်နည်း။

စုစုပေါင်းတန်ပမာဏတွင် အနည်းဆုံးကမ္ဘာ့သင်္ဘောများ၏ သုံးပုံတစ်ပုံကို ကိုယ်စားပြုကာ နိုင်ငံပေါင်း (၃၀) က အနိမ့်ဆုံးအတည်ပြု လက်မှတ်ထိုးရန်လိုအပ်ချက်ဖြင့် MLC ကို ၂၀၀၆ ခုနှစ်ဖေဖော်ဝါရီလတွင် အတည်ပြုခဲ့ သည်။ ဤပြဌာန်းချက်ပြည့်မီပြီး ၁၂ လအကြာတွင် ဤသဘောတူညီချက်သည် စတင်အသက်ဝင်မည်ဖြစ် သည်။

အစိုးရများအနေဖြင့် သဘောတူညီချက်ကိုအတည်ပြု လက်မှတ်ထိုးရန်အတန်အသင့်လွယ်ကူစေပြီး၊ သဘောတူညီချက်ပါပြဌာန်းချက်များကို လက်တွေ့ကျင့်သုံးကာ အတိုင်းအတာတစ်ခုအထိ အကျိုးသက်ရောက်မှုရှိစေနိုင်မည့် MLC ၏ အဓိကကျသောဝိသေသအချို့ရှိပါသည်။

ဤသဘောတူညီချက်၏ အချို့သောအစိတ်အပိုင်းများမှာ မဖြစ်မနေလုပ်ရမည့်အပိုင်းများဖြစ်ပြီး၊ အခြားအစိတ်အပိုင်းများသည် လမ်းညွှန်ချက်ပုံစံများအနေနှင့် ပါဝင်သည်။ ရည်ရွယ်ချက်မှာ သင်္ဘောသားများအား အကာအကွယ်ပေးထားခြင်းကို သေချာစေရန်ဖြစ်ကာ မည်သို့ကာကွယ်ပေးရမည်ဆိုသည်ကိုမူ အတိအကျ အသေးစိတ်ဖော်ပြခြင်းမပြုပေ။ ဤသည်မှာ သဘောတူညီချက်အား နိုင်ငံအများစု ပါဝင်ကာ အတည်ပြု လက်မှတ်ရေးထိုးရေးကို ပေးလွယ့်ဆော်ရန်ဖြစ်သည်။ MLC သည် ရေယာဉ်မှတ်ပုံတင်ထားသောနိုင်ငံ (flag State) နှင့် နိုင်ငံ၏ ဆိပ်ကမ်းအာဏာပိုင်များမှ ထောက်ခံမှု နှင့် စစ်ဆေးမှုစနစ်တို့မှတဆင့် စံနှုန်းများကို အကျိုးသက်ရောက်စေခြင်း နည်းလမ်းတစ်ခုကို ဖြည့်ဆည်းပေးသည်။ အကျိုးသက်ရောက်စေမှု၏ အရေးကြီးဆုံးအချက်မှာ အကယ်၍ ရေယာဉ်များက ဤသဘောတူညီချက်ကို ချိုးဖောက်လျှင် ၎င်းတို့ကို ထိန်းသိမ်းထားရန် အခွင့်ရှိခြင်းပင်ဖြစ် သည်။

## MLC အောက်တွင် မည်သူတို့အကျုံးဝင်သနည်း။

### မည်သည့် ရေယာဉ်များနည်း။

အောက်ပါ သင်္ဘောများမှလွဲ၍ သင်္ဘောများအားလုံးအကျုံးဝင်ပါသည်။

- နိုင်ငံတွင်းရေကြောင်း၊ ပင်လယ်ကမ်းရိုးတန်းအနီး၊ ဆိပ်ကမ်းစည်းမျဉ်းများသက်ရောက်သော အကာအရံရှိ ရေပြင် (သို့) နယ်မြေများတွင်သာ သီးသန့်သွားလာသောသင်္ဘောများ
- ငါးဖမ်းသင်္ဘောများ
- Dhow များ နှင့် junk များကဲ့သို့ အစဉ်အလာအရတည်ဆောက်ထားသောသင်္ဘောများ
- စစ်သင်္ဘောများ နှင့် ရေတပ်နှင့်ဆိုင်သော အရန်တပ်များ

ဥပဒေများ၊ အလုပ်ရှင်၊ အလုပ်သမား သဘောတူညီချက်များ (သို့) အခြားစံများအောက်တွင် သက်ဆိုင်ရာ သင်္ဘောသားများ၏ အခွင့်အရေးများအကျုံးဝင်ပြီးဖြစ်ပါက အပြည်ပြည်ဆိုင်ရာ ရေကြောင်းခရီးသွားလာခြင်း များဆောင်ရွက်ခြင်း မရှိသောစုစုပေါင်းတန်ပမာဏ ၂၀၀ အောက်ရှိသည့်သင်္ဘောများကို flag State အနေဖြင့် ပြဌာန်းချက်အချို့မှ ကင်းလွတ်ခွင့်ပေးနိုင်သည်။

### မည်သည့်ရေလုပ်သားများနည်း။

ဤသဘောတူညီချက် သက်ရောက်မှုရှိသော သင်္ဘောပေါ်တွင် မည်သည့်တာဝန်ဖြင့်ဖြစ်စေ၊ အလုပ်ခန့်အပ်ခြင်းခံရသော (သို့) အလုပ်လုပ်ကိုင်လျက်ရှိသော မည်သူမဆိုဖြစ်သည်။ ပင်လယ်အပျော်စီးသင်္ဘောများပေါ်မှ riding gang များ၊ ဟိုတယ်ဝန်ထမ်းများစသဖြင့် သင်္ဘောပေါ်တွင် အလုပ်လုပ်သူမှန်သမျှ အားလုံး ပါဝင်သည်။

သင်္ဘော (သို့) လူပုဂ္ဂိုလ်တစ်ဦး၏ အမျိုးအစားတစ်ခုသည် သဘောတူညီချက်အောက်တွင် အကျုံးဝင်၏ မဝင်၏ကို သံသယရှိပါက ဤအခြေအနေကိုသက်ဆိုင်ရာ သင်္ဘောပိုင်ရှင်၊ သင်္ဘောသား အဖွဲ့အစည်းများ နှင့် တိုင်ပင်ဆွေးနွေးကာ နိုင်ငံအာဏာပိုင်များအကြားရှင်းလင်းရမည်ဖြစ်သည်။

## အခြေခံအခွင့်အရေးများ၊ လုပ်သားများ၏အခွင့်အရေးများနှင့် MLC

MLC အရ အစိုးရများအနေဖြင့် ၎င်းတို့၏ ဥပဒေများ နှင့် စည်းမျဉ်းစည်းကမ်းများသည် လုပ်ငန်းခွင်နှင့် သက်ဆိုင်သော အခြေခံအခွင့်အရေးအချို့ကို လေးစားမှုရှိစေရေး သေချာစွာဆောင်ရွက်ရန်လိုအပ်သည်။

၎င်းတို့မှာ -

- အဖွဲ့အစည်းလွတ်လပ်ခွင့်ဆိုင်ရာ အခွင့်အရေး - သင်ရွေးချယ်လိုသော အလုပ်သမားသမဂ္ဂတစ်ခုကို ဝင်ရောက်နိုင်မည့် အခွင့်အရေးဖြစ်သည်။
- အလုပ်ရှင်၊ အလုပ်သမားညှိနှိုင်းနိုင်မည့် အခွင့်အရေးကို ထိရောက်စွာအသိအမှတ်ပြုခြင်း - သင်၏ ကိုယ်စား သင်ဝင်ရောက်ထားသော အလုပ်သမားသမဂ္ဂမှ အလုပ်ရှင်၊ အလုပ်သမားညှိနှိုင်း သဘောတူညီချက် (CBA) တစ်ခု ရရှိရေး ဆွေးနွေးညှိနှိုင်းပေးနိုင်မည့် အခွင့်အရေးဖြစ်သည်။
- အတင်းအကျပ် (သို့) ဖိအားပေး အလုပ်ခိုင်းစေမှုပုံစံအားလုံး ဖယ်ရှားခြင်း - သင်၏စိတ်ဆန္ဒ အလျောက် အလုပ်လုပ်ကိုင်ရန် နှင့် ၎င်းအတွက် လုပ်အားခရရှိရန် အခွင့်အရေးဖြစ်သည်။
- ကလေးလုပ်သားခိုင်းစေမှုကို ထိရောက်စွာဖျက်သိမ်းခြင်း။
- အလုပ်ခန့်အပ်မှု၊ ရာထူးတိုးနှင့်ပတ်သက်၍ ခွဲခြားဆက်ဆံမှုကိုဖယ်ရှားခြင်း - လူမျိုး၊ ကိုးကွယ်သည့် ဘာသာ၊ မွေးဖွားရာဒေသ၊ လိင် (သို့) နိုင်ငံရေးအမြင်များကို ထည့်သွင်းမစဉ်းစားဘဲ သင် နှင့် လုပ်ငန်းတာဝန် တူညီသော လုပ်ဖော်ကိုင်ဖက် သင်္ဘောသားကဲ့သို့ပင် သင့်အပေါ် ဆက်ဆံမှုခံရရန် အခွင့်အရေးဖြစ်သည်။

**အတိုချုံးဆိုရသော် ဘေးကင်းရေးစံနှုန်းများကို လေးစားလိုက်နာပြီး၊ ဆေးကုသမှု၊ ကျန်းမာရေးကာကွယ်စောင့်ရှောက်မှု နှင့် သက်သာချောင်ချိရေးတို့ကဲ့သို့ လူမှုရေးကာကွယ်စောင့်ရှောက်မှုတို့အပါအဝင် အလုပ်ခန့်အပ်ခြင်းဆိုင်ရာ မျှတသောစည်းကမ်းချက်များ၊ သင့်တင့်ကောင်းမွန်သော နေထိုင်မှု နှင့် လုပ်ငန်းခွင်အခြေအနေများရှိသည့် ဘေးကင်းလုံခြုံသော လုပ်ငန်းခွင်တစ်ခုရရှိရန် အခွင့်အရေး သင့်တွင်ရှိသည်။**



## သင်္ဘောသားများ၏အခွင့်အရေးများ

အထက်ပါရည်ညွှန်းထားသော အခွင့်အရေးများကို MLC ပြဋ္ဌာန်းချက်များတွင် ခေါင်းစဉ် (၄)ခု ခွဲထားသည်။ ၎င်းတို့မှာ -

- သင်္ဘောတစ်စင်းပေါ်တွင်အလုပ်လုပ်ရန်သင်္ဘောလုပ်သားများအတွက် အနိမ့်ဆုံးလိုအပ်ချက်များ
- အလုပ်ခန့်အပ်ခြင်းအခြေအနေများ
- နေရာထိုင်ခင်း၊ အပန်းဖြေပစ္စည်းများ၊ အစားအသောက်နှင့် အကျွေးအမွေးစီမံခြင်း
- ကျန်းမာရေးကာကွယ်စောင့်ရှောက်မှု၊ ဆေးကုသမှု၊ သက်သာချောင်ချိရေး နှင့် လူမှုဖူလုံရေးအကာအကွယ်

ပင်လယ်ပြင်တွင်အလုပ်လုပ်ရသည့် ဘဝအခြေအနေများကို တွေးဆကာ သင့်တွင် ကမ်းပေါ်တွင် အလုပ်လုပ်သူများအား ပေးအပ်ထားသည့် အကာအကွယ်များအတိုင်း တူညီသောအကာအကွယ်များ ရှိစေရန်အတွက် နိုင်ငံများ နှင့် သင်္ဘောပိုင်ရှင်များ၏ တာဝန်ဝတ္တရားအသေးစိတ်တို့ကို ဤခေါင်းစဉ်များအောက်တွင် တွေ့နိုင်သည်။ ဤသည်ကို သင်္ဘောလုပ်သားများ၏ အခွင့်အရေးများဟူ၍ ကျယ်ပြန့်စွာ ရည်ညွှန်းခြင်းဖြစ်သည်။ အကယ်၍ သင်၏ အခွင့်အရေးများကို လေးစားခြင်းမရှိပါက တိုင်ကြားနိုင်ရန်အတွက် လိုက်နာဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များရှိသည်။ အကယ်၍ပြဿနာသည် ပြင်းထန်ပြီးထပ်ကာထပ်ကာဖြစ်ပွားပါက သို့မဟုတ် သင်၏ကျန်းမာရေး၊ ဘေးကင်းရေး သို့မဟုတ် လုံခြုံရေးအတွက် အန္တရာယ်ရှိပါက သင်္ဘောကိုထိန်းသိမ်းခြင်းခံရသည်အထိ သက်ရောက်မှုရှိနိုင်သည်။

## ၎င်း၏သက်ရောက်ပုံ

ဤသဘောတူညီချက်အရ သင့်တွင်ရှိသော အနိမ့်ဆုံးအခွင့်အရေးများကို အမျိုးသားဥပဒေများ၊ စည်းမျဉ်းများ၊ CBA များ သို့မဟုတ် ရိုးရှင်းစွာပင်ကောင်းမွန်သောကျင့်သုံးခြင်းတို့မှတဆင့် အရေးတယူပြုရမည်။ ၎င်းတို့ကို အမှန်တကယ်ဆောင်ရွက်ကြောင်းသေချာစေရန် စစ်ဆေးမှု နှင့် ထောက်ခံချက်စနစ်တစ်ခုဖြင့် ထောက်ကန်ပေးထားသော ပြင်းထန်သည့်အကျိုးသက်ရောက်မှုရှိသည့် စနစ်တစ်ခုရှိပါသည်။

နိုင်ငံတကာသို့ ကူးလူးနေသောစုစုပေါင်းတန်ပမာဏ ၅၀၀ နှင့်အထက်ရှိသည့် မည်သည့်သင်္ဘောမဆိုသည် Flag State မှ ထုတ်ပေးထားသော ပင်လယ်ရေကြောင်းလုပ်သားဆိုင်ရာတရားဝင်လက်မှတ်တစ်ခု နှင့် ပင်လယ်ရေကြောင်းလုပ်သားဆိုင်ရာ လေးစားလိုက်နာခြင်း သဘောတူညီချက်တစ်ခုတို့ ရှိရမည်ဖြစ်သည်။ ဤစာရွက်စာတမ်းများမှတဆင့် သင်္ဘောသည် သဘောတူညီချက်၏ပြဋ္ဌာန်းချက်များကို မည်သို့ လေးစားလိုက်နာကြောင်းကို ရေယာဉ်မှတ်ပုံတင်ထားသောနိုင်ငံ (Flag State) က အသေးစိတ်ဖော်ပြနိုင်ရမည်။ ၎င်းအသေးစိတ်အချက်အလက်များသည် ပြဋ္ဌာန်းချက်များကို လေးစားလိုက်နာမှု ရှိ မရှိ port State အာဏာပိုင်များက စစ်ဆေးနိုင်သည့် စစ်ဆေးမှုစနစ်၏အခြေခံအဖြစ် ဆောင်ရွက်ပေးသည်။ MLC ကို လေးစားလိုက်နာရေး အကျိုးသက်ရောက်မှုရှိ အောင်ဆောင်ရွက်ရာတွင် သဘောတူညီချက်ကို အတည်ပြုလက်မှတ်ထိုးထားခြင်းမရှိသော နိုင်ငံ၏အလံကို လွှင့်ထူထားသောသင်္ဘောများသည် MLC ကို အတည်ပြုလက်မှတ်ထိုးထားသောနိုင်ငံအလံကို လွှင့်ထူထားသောသင်္ဘောများရရှိသော အကျိုးကျေးဇူးများကို မရရှိစေရေးအတွက် အာဏာပိုင်များက သေချာစွာစီစစ်ရမည်။ ဤသည်ကို မျက်နှာသာမပေးသော ဆက်ဆံမှုဟူသော စကားစုအဖြစ်ရည်ညွှန်းသည်။

## MLC ဖွဲ့စည်းပုံ

ဤသဘောတူညီချက်ကို အတည်ပြုခဲ့သည့် စကားဆက်၏ အပြင်ရှိစကားချီးပုံစံဖြင့် MLC သည် စတင်သည်။ ထို့နောက် သဘောတူညီချက်ကို အတည်ပြုလက်မှတ်ထိုးသည့်နိုင်ငံများ၏ ယေဘုယျတာဝန်ဝတ္တရားများကို ဖော်ပြထားသော အပိုဒ်ခွဲများ၊ အခြေခံအကျဆုံးအခွင့်အရေးများ၊စည်းမျဉ်းများနှင့် သဘောတူညီချက် သက်ရောက်ပုံတို့ဖော်ပြသည်။ ၎င်းပြီးနောက် စည်းမျဉ်းစည်းကမ်းများနှင့်စည်းမျဉ်းအစုဖော်ပြသည်။ ဤအစိတ်အပိုင်း ကိုအပိုင်း (၅) ပိုင်းခွဲခြားထားသည်။

- ခေါင်းစဉ် ၁။ သင်္ဘောသားများအတွက် သင်္ဘောတစ်စီးပေါ်တွင် အလုပ်လုပ်ရန် အနိမ့်ဆုံးလိုအပ်ချက်များ
- ခေါင်းစဉ် ၂။ အလုပ်ခန့်အပ်ခြင်းဆိုင်ရာ အခြေအနေများ
- ခေါင်းစဉ် ၃။ နေရာထိုင်ခင်း၊ အပန်းဖြေပစ္စည်းများ၊ အစားအသောက်နှင့် အကျွေးအမွေးစီမံခြင်း
- ခေါင်းစဉ် ၄။ ကျန်းမာရေး ကာကွယ်စောင့်ရှောက်မှု၊ ဆေးကုသမှု၊ သက်သာချောင်ချိရေး နှင့် လူမှုဖူလုံရေးအကာအကွယ်
- ခေါင်းစဉ် ၅။ လေးစားလိုက်နာခြင်း နှင့် အကျိုးသက်ရောက်စေခြင်း

အပိုင်းတစ်ပိုင်းချင်းစီတွင် စည်းမျဉ်းစည်းကမ်းများ၊ စံနှုန်းများ နှင့် လမ်းညွှန်ချက်များပါဝင်သည်။ စည်းမျဉ်းစည်းကမ်းများသည် ယေဘုယျဖြစ်ပြီး ညှိနှိုင်းမခံသော အချက်များဖြစ်သည်။ စံနှုန်းများကို အပိုင်း (က) အဖြစ်ရည်ညွှန်းကာ၊ လမ်းညွှန်ချက်များကို အပိုင်း (ခ) ဟုခေါ်ဆိုသည်။ အပိုင်း (က) သည် ပြဋ္ဌာန်းချက်အရ မဖြစ်မနေ လိုက်နာရမည့်အပိုင်းဖြစ်ကာ အပိုင်း (ခ) တွင် အပိုင်း (က) ကို မည်သို့လက်တွေ့ကျင့်သုံးနိုင်မည်ဆိုခြင်း နှင့် ထိုက်သင့်သောသုံးသပ်မှုများ ပြုလုပ်ရန်အသေးစိတ် စီစဉ်တင်ပြထားသည့် အကြံပြုချက်များ ပါဝင်သည်။ အပိုင်း (က) နှင့် အပိုင်း (ခ) တို့ကို စုပေါင်းကာစည်းမျဉ်းအစုဟု ခေါ်ဆိုသည်။

## တန်းတူညီမျှမှု အနှစ်သာရ (Substantial equivalence)

သဘောတူညီချက်ကို မည်သို့ လက်တွေ့ကျင့်သုံးမည်ဆိုခြင်းအတွက် ပြောင်းလွယ်ပြင်လွယ်ရှိမှုပမာဏအနည်းငယ်ကို ခွင့်ပြုထားသည်။ အကယ်၍ရေယာဉ်မှတ်ပုံတင်ထားသောနိုင်ငံတစ်နိုင်ငံ (Flag State) မှ ၎င်း၏ ချဉ်းကပ်မှုသည် MLC ၏ ပြဋ္ဌာန်းချက် နှင့် တန်းတူညီမျှမှုရှိကြောင်း သက်သေပြနိုင်ပါက (ဆိုလိုသည်မှာ၎င်းသည် MLC တွင် စီစဉ်တင်ပြထားသည့်ပုံစံ နှင့် မူကွဲသော်လည်းအခြေခံကျသောစည်းများကို လွှမ်းခြုံနိုင်ပါက) ခေါင်းစဉ် ၁ မှ ၄ အတွင်းရှိ အပိုင်း (က) ပြဋ္ဌာန်းချက်များအတွက် လက်ခံနိုင်ဖွယ်ရာရှိသည်။ ခေါင်းစဉ် ၅ အတွက်မူ ကုံလုံသောညီမျှမှုဟူ၍ မရှိပေ။ လေးစားလိုက်နာခြင်း နှင့် အကျိုးသက်ရောက်ခြင်းတို့အတွက် စံများကိုသဘောတူညီချက်အတိုင်းသာလိုက်နာရမည်ဖြစ်သည်။

## သင်္ဘောပိုင်ရှင်များနှင့်သင်္ဘောလုပ်သားများဆိုင်ရာအဖွဲ့အစည်းများနှင့် တိုင်ပင်ဆွေးနွေးမှု

လေးစားလိုက်နာခြင်းကို မည်သို့ရရှိနိုင်မည်ကို သံသယဖြစ်ပါက သဘောတူညီချက်အရ သင်္ဘောသားများ နှင့် သင်္ဘောပိုင်ရှင်များဆိုင်ရာ ကိုယ်စားလှယ်များ နှင့် တိုင်ပင်ဆွေးနွေးရန် လိုအပ်ပါသည်။



## ၂။ ၂၀၀၆ ခုနှစ် ပင်လယ်ရေကြောင်း လုပ်သားဆိုင်ရာ သဘောတူညီချက်အရ သင်၏ အခွင့်အရေးများ

### ခေါင်းစဉ် ၁ - သင်္ဘောတစ်စီးပေါ်တွင် အလုပ်လုပ်ရန် သင်္ဘောသားများအတွက် အနိမ့်ဆုံး လိုအပ်ချက်များ

- သင်္ဘောတစ်စီးပေါ်တွင် အလုပ်လုပ်ရန်အတွက် အနိမ့်ဆုံးအသက်အရွယ်
- သင်္ဘောပေါ်တွင် တာဝန်ထမ်းဆောင်ရေးအတွက် ကျန်းမာရေးထောက်ခံချက်လက်မှတ်
- လေ့ကျင့်သင်ကြားခြင်း နှင့် အရည်အချင်းများ
- လုပ်သားခေါ်ယူခြင်း နှင့် သင့်တော်သောနေရာပေးခြင်း

### အနိမ့်ဆုံးအသက်အရွယ်

*သင်္ဘောပေါ်တွင် အသက်မပြည့်သေးသူမည်သူမှ အလုပ်မလုပ်ရေးကို သေချာစေရန်*

အကယ်၍သင်သည် အသက် ၁၆ နှစ်အောက်ဖြစ်ပါက သင်္ဘောပေါ်တွင် အလုပ်လုပ်ရန် ခန့်အပ်၍မရပါ။

အကယ်၍သင်သည် အသက် ၁၈ နှစ်အောက်ဖြစ်ပါက သင်္ဘောပေါ်တွင် ညဆိုင်းဆင်း၍မရပါ။ "ည" ဟူသော အသုံးအနှုန်းသည် အမျိုးသားဥပဒေ နှင့် ကျင့်သုံးပုံအပေါ်တွင် မူတည်သည်။ သို့သော် ၎င်းသည် ညသန်းခေါင်ထက်နောက်မကျဘဲ စတင်ကာ နံနက် ၅ နာရီထက် မစောဘဲပြီးဆုံးသော အနည်းဆုံး ၉ နာရီရှိရမည့်အချိန်ကာလအပိုင်းအခြားဖြစ်သည်။

ညဘက်တွင် တာဝန်ထမ်းဆောင်ရမည့် သီးခြားထောက်ခံချက်ရရှိထားသော လေ့ကျင့်ရေးအစီအစဉ်များ အတွက်သာ ခြွင်းချက်များ ပေးအပ်နိုင်သည်။

အကယ်၍သင်သည် အသက် ၁၈ နှစ်အောက်ဖြစ်ပါက သင်၏ကျန်းမာရေး နှင့် ဘေးကင်းရေးကို ထိခိုက်နိုင်ချေရှိသော လုပ်ငန်းခွင်တွင် သင့်အား အလုပ်ခန့်အပ်၍မရပါ။ သင်၏ လုပ်ငန်းခွင် နှင့် နေထိုင်မှုအခြေအနေများဆိုင်ရာ စည်းမျဉ်းများကို အထူးအလေးပေးဂရုပြုရမည်ဖြစ်သည်။

စည်းမျဉ်း ၁.၁

၁။ အနိမ့်ဆုံးအသက်အရွယ်အောက် မည်သူကိုမှ သင်္ဘောပေါ်တွင် အလုပ်ခန့်အပ်ခြင်း၊ အလုပ်ပေးခြင်း သို့မဟုတ် အလုပ်လုပ်စေခြင်းမရှိရပါ။
၂။ ဤသဘောတူညီချက် ကနဦးစတင်အသက်ဝင်သည့်အချိန်၏ အနိမ့်ဆုံးအသက်အရွယ်မှာ ၁၆ နှစ် ဖြစ်သည်။
၃။ စည်းမျဉ်းစုတွင် စီစဉ်တင်ပြထားသော အခြေအနေများတွင် ပိုမိုမြင့်မားသော အနိမ့်ဆုံးအသက်အရွယ် လိုအပ်သည်။

## ကျန်းမာရေးထောက်ခံချက်လက်မှတ်

*ပင်လယ်ပြင်တွင် တာဝန်ထမ်းဆောင်ရန် သင်္ဘောလုပ်သားများအားလုံးသည် ကျန်းမာရေးကောင်းမွန်ရေးကို သေချာစေရန်*

သင်သည် တာဝန်ထမ်းဆောင်ရန် ကျန်းမာရေးအရထောက်ခံချက်မရရှိဘဲ နှင့် သင်္ဘောပေါ်တွင် အလုပ်လုပ်ခွင့် မရှိပါ။

ကျန်းမာရေးထောက်ခံချက် လက်မှတ်များကို အရည်အချင်းပြည့်မီပြီး အမှီအခိုကင်းသည့် ဆရာဝန်တစ်ဦးမှ ထုတ်ပေးရမည်ဖြစ်သည်။ ငြင်းပယ်ခံရသော (သို့) ကန့်သတ်ခံရသော ထောက်ခံချက်လက်မှတ်ဖြစ်စဉ်တွင် အရည်ချင်းပြည့်မီပြီး အမှီအခိုကင်းသည့် အခြားဆရာဝန်တစ်ဦး (သို) ထောက်ခံပေးသူတစ်ဦးဆီမှ ဒုတိယ ထင်မြင်ချက်ကို ရယူနိုင်သည်။

လေ့ကျင့်သင်ကြားရေး နှင့် စောင့်ကြည့်ရေးစံနှုန်းများ (STCW) အပေါ်ရှိ နိုင်ငံတကာ သဘောတူညီချက်၏ ပြဌာန်းချက်များကို လေးစားလိုက်နာရန် ထုတ်ပေးထားသော ထောက်ခံချက် လက်မှတ်များကဲ့သို့ပင် ဤထောက်ခံချက်လက်မှတ်များသည် လက်သင့်ခံနိုင်သောနိုင်ငံတကာစံနှုန်းများကို ပြည့်မီရမည်။ ၎င်း လက်မှတ်များသည် သင်္ဘောသားများအတွက် ပင်လယ်ပြင်မထွက်ခွာမီ နှင့် ပုံမှန်ကျန်းမာရေးစစ်ဆေးခြင်းများ ဆောင်ရွက်ပေးခြင်းဆိုင်ရာ ILO/WHO ၏ လမ်းညွှန်ချက်များကို လိုက်နာရန် အကြံပြုသည်။ ၎င်းတို့တွင် အကြား၊ အမြင်စစ်ဆေးခြင်း နှင့် (အကယ်၍သင်၏အလုပ်ကို သက်ရောက်မှုရှိပါက) အရောင်ကာလာ မြင်နိုင်ခြင်းတို့ ပါဝင်ရမည်။

၎င်းတို့သည် အောက်ပါတို့ဖြစ်ပေါ်နိုင်သော မည်သည့်ရောဂါအခြေအနေကိုမဆိုမှ သင်သည်ခံစားနေရခြင်း မရှိကြောင်း အတည်ပြုရမည်။

က ။ ပင်လယ်ပြင်အလုပ်က ပိုမိုဆိုးရွားစေနိုင်ခြင်း
ခ ။ သင်၏လုပ်ငန်းဆောင်ရွက်ရန် မတတ်နိုင်စေခြင်း
ဂ ။ အခြားသူများအတွက် သင်သည် အန္တရာယ်ဖြစ်စေခြင်း

ကျန်းမာရေးထောက်ခံချက်လက်မှတ်များသည် ၂ နှစ်တာကာလ အကျုံးဝင်က (အသက် ၁၈ နှစ်အောက် သင်္ဘောလုပ်သားများအတွက် ၁ နှစ်သာ)၊ အရောင်မြင်နိုင်ခြင်းထောက်ခံချက်လက်မှတ်များသည် ၆ နှစ်တာ အကျုံးဝင်ပါသည်။ မကြာသေးမီကမှသက်တမ်းကုန်သွားသောထောက်ခံချက်လက်မှတ်တစ်ခု သင့်တွင်ရှိပါက အရေးတကြီးအခြေအနေမျိုးတွင် သက်တမ်းကုန်ခြင်းသည် (၃) လ ထက်မကြာသေးသရွေ့သင့်ကို နောက်ထပ် ဆိပ်ကမ်းတစ်ခုကို ဆိုက်ကပ်သည်အထိ အလုပ်လုပ်ရန် အခွင့်အာဏာရှိသော အာဏာပိုင်က ခွင့်ပြုပိုင်ခွင့်ရှိသည်။ နိုင်ငံတကာ ရေကြောင်းခရီးသွားလာခြင်းများအတွက် ကျန်းမာရေးထောက်ခံချက်

> အကယ်၍သင်သည် ၎င်းသဘောတူညီချက်အကျုံးဝင်သော သင်္ဘောတစ်စင်းပေါ်တွင် အလုပ်လုပ်နေပြီး နိုင်ငံတကာရေကြောင်းများတွင် ကုန်သွယ်မှုပြုလုပ်နေခြင်း မဟုတ်ပါက ကျန်းမာရေးထောက်ခံချက် ပြဌာန်းချက်များသည် တင်းကျပ်မှု အနည်းငယ်လျှော့နည်းနိုင်ပါသည်။
>
> သင်၏ကုမ္ပဏီတွင် ပို၍ မကြာခဏဆေးစစ်ရန်လိုအပ်သော ၎င်း၏ကိုယ်ပိုင်မူဝါဒလည်း ရှိနိုင်သည်။

စည်းမျဉ်း ၁.၂

၁။ သင်္ဘောသားများသည် ပင်လယ်ပြင်တွင်တာဝန်ထမ်းဆောင်ရန် ကျန်းမာရေးကောင်းမွန်ခြင်း မရှိပါက သင်္ဘောတစ်စင်းပေါ်တွင် အလုပ်လုပ်ခွင့်မရှိပါ။
၂။ စည်းမျဉ်းအစုတွင်ပြဌာန်းထားသည့်အတိုင်းသာ ခြွင်းချက်များကို ခွင့်ပြုနိုင်သည်။

## လေ့ကျင့်သင်ကြားခြင်း နှင့် အရည်အချင်းများ

*သင်္ဘောသားများအနေဖြင့် သင်္ဘောပေါ်တွင် တာဝန်ထမ်းဆောင်ရန် လေ့ကျင့်သင်ကြားထားကြောင်း (သို့) အရည်အချင်းပြည့်မီကြောင်းသေချာစေရန်*

(IMO STCW တို့အရ) သင်သည် သင်္ဘောပေါ်တွင် တာဝန်များထမ်းဆောင်ရန်အတွက် လိုအပ်သော လေ့ကျင့်သင်ကြားမှုများကို တက်ရောက်ပြီးဖြစ်ရမည်။ ထို့အပြင် သင်သည် သင်္ဘောပေါ် ကိုယ်ပိုင်လုံခြုံရေး အတွက် လေ့ကျင့်မှုများပြီးဆုံးပြီးဖြစ်ရမည်။

စည်းမျဉ်း ၁.၃

၁။ သင်္ဘောသားများအနေဖြင့် တာဝန်ထမ်းဆောင်ရန်အတွက် လေ့ကျင့်သင်ကြားထားခြင်း (သို့) ကျွမ်းကျင်မှုရှိကြောင်း လက်မှတ်ရရှိထားခြင်း (သို့) အရည်အချင်းပြည့်မီခြင်းတို့မရှိပါက သင်္ဘောပေါ်တွင် အလုပ်လုပ်ပိုင်ခွင့်မရှိပါ။
၂။ သင်္ဘောသားများအနေဖြင့် သင်္ဘောပေါ်ကိုယ်ပိုင်လုံခြုံရေးအတွက် လေ့ကျင့်မှုဆိုင်ရာ လက်မှတ်များကို အောင်မြင်စွာ ပြီးဆုံးခြင်းမရှိဘဲ သင်္ဘောပေါ်တွင် အလုပ်လုပ်ရန် ၎င်းတို့ကို ခွင့်ပြုပေးပိုင်ခွင့်မရှိပါ။
၃။ အပြည်ပြည်ဆိုင်ရာ ပင်လယ်ရေကြောင်းအဖွဲ့အစည်းမှ သဘောတူလက်ခံထားသည့် မဖြစ်မနေပြုလုပ်ရမည့် စာချုပ်စာတမ်းနှင့်အညီဖြစ်သော လေ့ကျင့်သင်ကြားခြင်း နှင့် တရားဝင်ထောက်ခံချက်များကို ဤစည်း မျဉ်း အပိုဒ် (၁) နှင့် (၂) တို့၏ ပြဌာန်းချက်များ နှင့် ကိုက်ညီသည်ဟု ယူဆရမည်။
၄။ သဘောတူညီချက်၏ အကြောင်းအရာကိစ္စများပါဝင်သော မဖြစ်မနေလုပ်ရမည့် သတ်မှတ်ပြဌာန်းထားခြင်းများကို အပြည်ပြည်ဆိုင်ရာ ရေကြောင်းအဖွဲ့အစည်းက သဘောတူလက်ခံခြင်း၊ အတည်ပြုထားခြင်း မရှိသေးဘဲ (သို့) အပိုဒ်ခွဲ ၈၊ အပိုဒ်ငယ် ၃ နှင့်အညီ ဤသဘောတူညီချက်ကို အတည်ပြုလက်ခံထားခြင်းသည် အချိန် ၅ နှစ် နှင့် ၎င်းထက်ပိုကြာရှည်စွာ ကုန်လွန်သေးခြင်း မရှိပါက ဤသဘောတူညီချက်ကို အတည်ပြုလက်မှတ်ထိုးသောအချိန်တွင် ၁၉၄၆ ခုနှစ် ရေတပ်သားသဘောတူညီချက် (အမှတ် ၇၄) ထောက်ခံချက်ဖြင့် ကန့်သတ်ထားခြင်းခံရသော မည်သည့်အဖွဲ့ဝင်မဆို ၎င်းသဘောတူညီချက်အရ တာဝန်ဝတ္တရားများကို ဆက်လက်ဆောင်ရွက်ရမည်။

## လုပ်သားခေါ်ယူခြင်းနှင့် သင့်တော်သောနေရာပေးခြင်း

*သင်္ဘောသားများအနေဖြင့် အရည်အချင်းပြည့်ဝပြီး စည်းစနစ်ကျသော ခေါ်ယူခြင်း၊ ခန့်ထားခြင်း နှင့် သင့်တော်သောနေရာပေးခြင်းစနစ်တစ်ကို ရရှိနိုင်ရေးအတွက် သေချာစေရန်*

လုပ်သားခေါ်ယူရေးဝန်ဆောင်မှု ပေးနေသော လုပ်သားခေါ်ယူသည့် အေဂျင်စီများသည် သင့်ကို အလုပ်ရှာပေးသည့်အတွက် ငွေတောင်းခံ၍မရပါ။ သင့်ကိုငွေတောင်းခံနိုင်သည့်ကုန်ကျစရိတ်များမှာ ဥပဒေအရ ကျန်းမာရေး ထောက်ခံချက်လက်မှတ်၊ သင်္ဘောသားစာအုပ်၊ နိုင်ငံကူးလက်မှတ် (သို့) အလားတူ ခရီးသွားကိုယ်ပိုင်စာရွက်စာတမ်းများ ရယူရေးအတွက်သာလျှင်ဖြစ်သည်။ ဗီဇာကြေး ကုန်ကျစရိတ်ကို သင်္ဘောပိုင်ရှင်မှ ပေးအပ်ရမည်ဖြစ်သည်။

လုပ်သားခေါ်ယူသည့် အေဂျင်စီများသည် စည်းစနစ်တကျရှိရမည်ဖြစ်ကာ သင်၏လုပ်သား အခွင့်အရေးများကို ကာကွယ်မြှင့်တင်ပေးသော အကျိုးများပြီး၊ ပြီးပြည့်စုံသည့် တာဝန်ခံမှုရှိသောစနစ်တစ်ခုကို ဖြည့်ဆည်းပေးရမည်။

အရည်အချင်းရှိသော သင်္ဘောသားများကို အလုပ်ရရှိရေးမှတားဆီးထားမည့် အမည်ပျက်စာရင်း (Black Lists) ပြုလုပ်ခြင်းကို တားမြစ်သည်။

သင်္ဘောပိုင်ရှင်များအနေဖြင့် ဤအနိမ့်ဆုံးပြဌာန်းချက်များကို လေးစားလိုက်နာသောအေဂျင်စီများကို သာ အသုံးပြုရမည်။ သင်နေထိုင်ခဲ့သောနိုင်ငံပေါ်မူတည်၍ သင်၏ သမဂ္ဂသည် အလုပ်ရှင်၊ အလုပ်သမားညှိနှိုင်း သဘောတူညီချက်တစ်ခု၏ စည်းမျဉ်းများအရ အလုပ်ခန့်အပ်မှုဝန်ဆောင်မှုများ ပေးအပ်ခွင့်ရှိသည်။ သဘောတူညီချက်ကို အတည်ပြုလက်မှတ်ရေးထိုးထားခြင်း မရှိသောနိုင်ငံတစ်နိုင်ငံရှိ လုပ်သားခေါ်ယူသည့် အေဂျင်စီတစ်ခုထံမှ သင်္ဘောလုပ်သားများကို ခန့်အပ်မည်ဆိုပါက ၎င်းအေဂျင်စီသည် MLC ၏ စံနှုန်းများကို ပြည့်မီခြင်းရှိကြောင်းကို ခန့်အပ်မည့်သင်္ဘောပိုင်ရှင်က သေချာစေရန် ရေယာဉ်မှတ်ပုံတင်ထားသော နိုင်ငံ (Flag State) အနေဖြင့် တာဝန်ယူရမည်။

လုပ်သားခေါ်ယူသော အေဂျင်စီတစ်ခုကို လူသိရှင်ကြားလုပ်ကိုင်ပါက ၎င်းကိုသင်၏ လုပ်သားအခွင့်အရေးများကို မြှင့်တင်ပေးသော အစီအစဉ်တကျရှိသည့် နည်းလမ်းဖြင့် လုပ်ကိုင်ရမည်။

အကယ်၍ လုပ်သားခေါ်ယူသော အေဂျင်စီတစ်ခုကို သင့်တင့်လျောက်ပတ်စွာ လုပ်ကိုင်ခြင်းမရှိဘဲ၊ သဘောတူညီချက်၏ ပြဌာန်းချက်များကို ချိုးဖောက်ခဲ့ပါက သင့်အနေဖြင့် တိုင်ကြားနိုင်ရန် နည်းလမ်းတစ်ခု အဆင်သင့်ရှိနေရမည်။ အခြေအနေအပေါ်မူတည်၍ Flag State အာဏာပိုင်များဖြစ်စေ၊ port State အာဏာပိုင်များဖြစ်စေ သင်၏နိုင်ငံအာဏာပိုင်များထံသို့ တိုင်ကြားမှုပြုလုပ်ရန်လိုအပ်လာနိုင်သည် (ဥပမာအားဖြင့် ဖိလစ်ပိုင်လူမျိုးသင်္ဘောသားများအတွက် ဤအာဏာပိုင်သည် ဖိလစ်ပိုင်နိုင်ငံရပ်ခြား အလုပ်ခန့်အပ်မှု အေဂျင်စီ (POEA) ဖြစ်လိမ့်မည်)။ သင့်အနေဖြင့် သင့်၏သမဂ္ဂ (သို့) ITF ကို အကြံဉာဏ်တောင်းရန် ဆက်သွယ်နိုင်သည်။

ဤသဘောတူညီချက်တွင် အများပြည်သူဆိုင်ရာ နှင့် ပုဂ္ဂလိကအေဂျင်စီများ၊ အလုပ်ခန့်ထားရေးအတွက် သမဂ္ဂ မှ ဌားရမ်းထားသော ခန်းမများမှတစ်ဆင့် အလုပ်ခန့်ထားမှု ဆိုင်ရာစည်းမျဉ်းများပါဝင်သည်။ သင်္ဘောပိုင်ရှင်တစ်ဦးမှ တိုက်ရိုက် အလုပ်ခန့်ထားခြင်းလည်း ဖြစ်နိုင်ပါသည်။

**ပုဂ္ဂလိက လုပ်သားရှာဖွေရေး အေးဂျင့်တစ်ခု (သို့) အလုပ်ခန့်အပ်ရေး ကုမ္ပဏီတစ်ခုကို ယုံကြည်စိတ်ချနိုင်ခြင်း ရှိမရှိ မည်သို့သိနိုင်မည်နည်း။**

လုပ်သားရှာဖွေရေးအေဂျင်စီများအနေဖြင့် -

- ၎င်းတို့၏ သင်္ဘောသား ခန့်အပ်နေရာချထားမှုများအားလုံး၏ နောက်ဆုံးရ အချက်အလက်များကို စာရင်းသွင်းထားခြင်းရှိရမည်။
- ၎င်းတို့၏ သင်္ဘောသားများကို ခန့်အပ်နေရာချထားသည့် နောက်ဆုံးရသင်္ဘောများစာရင်း နှင့် ကုမ္ပဏီသို့ဆက်သွယ်ရန် အသေးစိတ်အချက်အလက်များ ရှိရမည်။
- အလုပ်ခန့်အပ်ခြင်း သဘောတူညီမှုစာချုပ်တစ်ခုအရ သင်၏ အခွင့်အရေးများ၊ တာဝန်များကို သင့်အား ပြောပြရမည်ဖြစ်ပြီး သဘောတူလက်မှတ်မထိုးခင် ၎င်းတို့ကို စစ်ဆေးရန်သင့်ကို လုံလောက်သော အချိန်ပေးရမည်။

- သင့်အား အလုပ်ခန့်အပ်ခြင်း သဘောတူညီမှုစာချုပ်မိတ္တူတစ်စုံ ပေးရမည်။
- ၎င်းတို့၏သဘောတူညီမှုစာချုပ်များသည် နိုင်ငံတော်မှ ပြဋ္ဌာန်းထားသော CBAများကို လေးစားလိုက်နာမှု ရှိကြောင်း သေချာစေရမည်။
- အလုပ်အတွက် သင်၏ အရည်အချင်းများကို စစ်ဆေးရမည်။
- ၎င်းတို့ နှင့် အလုပ်လုပ်သော သင်္ဘောပိုင်ရှင်များ (သို့) ကုမ္ပဏီများသည် ဘဏ္ဍာရေးအရ ခိုင်မာမှုရှိကြောင်း သေချာစေရမည်၊ သို့မှသာ သင်သည် နိုင်ငံရပ်ခြား ဆိပ်ကမ်းတစ်ခုတွင် သောင်တင်၍မနေမည်ဖြစ်သည်။
- ထိရောက်သောတိုင်ကြားမှုလုပ်ငန်းစဉ်တစ်ခုကို အရန်သင့်ထားရှိရမည်။
- အကယ်၍ လုပ်သားခေါ်ယူခြင်း နှင့် သင့်တော်သောနေရာပေးခြင်းတို့အရ ၎င်းတို့၏ တာဝန်ဝတ္တရားများ ပျက်ကွက်မှုကြောင့် သင့်အားလျော်ကြေးပေးရန် လိုအပ်လာနိုင်ခြင်း၊ သို့မဟုတ် သင်္ဘောပိုင်ရှင်သည် SEA အရ ၎င်းတို့၏ တာဝန်ဝတ္တရားများကို ပျက်ကွက်လာနိုင်ခြင်းတို့အတွက် အာမခံစနစ်တစ်ခု အရန်သင့်ရှိထားရမည်။

ကောင်းမွန်စွာလက်တွေ့ကျင့်သုံးရာတွင် ၎င်းတို့အနေဖြင့် -

- ပင်လယ်ရေကြောင်း လုပ်ငန်းဆိုင်ရာ ကျွမ်းကျင်မှုရှိသော လုပ်သားများကို ခန့်အပ်ရမည်။
- သင်၏ ကိုယ်ရေးကိုယ်တာ အခွင့်အရေး နှင့် လျှို့ဝှက်အပ်မှုကိုကာကွယ်ရန်လိုအပ်မှုကို လေးစားရမည်။
- သင် ပင်လယ်ပြင်သို့ ရောက်ရှိနေစဉ်ကာလအတွင်း သင့်မိသားစုမှ သတင်းအချက်အလက် နှင့် အကြံဉာဏ်တောင်းခံမှုများကို သင့်ထံမှ (သို့) သင့်မိသားစုထံမှ ငွေကြေးကောက်ခံခြင်းမရှိဘဲ စာနာထောက်ထားစွာ၊ လျင်မြန်စွာ အကျိုးအကြောင်းပြောပြနိုင်ရန် သေချာစေရမည်။
- အရေးပေါ်ကိစ္စများအတွက် ဆက်သွယ်ရန် အသေးစိတ်အချက်အလက် နောက်ဆုံးရ စာရင်းများရှိရမည်။
- သက်ဆိုင်ရာ သင်္ဘောကုမ္ပဏီမူဝါဒများကို သင့်အားပြောပြထားရမည်ဖြစ်သည်။ ဥပမာ သင်္ဘောပေါ်တွင် အရက်သောက်သုံးခွင့် မရှိသောမူဝါဒများဖြစ်သည်။
- ၎င်းတို့ လုပ်သားခန့်အပ်ပေးထားသော သင်္ဘောများပေါ်မှ လုပ်သားအခြေအနေများသည် သက်ဆိုင်သော CBA များ၊ ဥပဒေများနှင့် စည်းမျဉ်းများကို လေးစားလိုက်နာမှုရှိမရှိ စစ်ဆေးရမည်။

စည်းမျဉ်း ၁.၄

၁။ သင်္ဘောသားများအားလုံးအနေဖြင့် ငွေကြေးကုန်ကျခြင်းမရှိဘဲ သင်္ဘောပေါ်တွင် အလုပ်ရှာဖွေရန်အတွက် အကျိုးများပြီး၊ ပြီးပြည့်စုံသည့် တာဝန်ခံမှုရှိသော စနစ်တစ်ခုကို ရယူပိုင်ခွင့်ရှိသည်။

၂။ အဖွဲ့ဝင်၏ နယ်မြေတစ်ခုတွင် လုပ်ငန်းလုပ်ကိုင်နေသော သင်္ဘောသားခေါ်ယူခြင်း နှင့် သင့်တော်သောနေရာပေးခြင်း ဝန်ဆောင်မှုများသည် စည်းမျဉ်းအစုတွင် စီစဉ်တင်ပြထားသော စံနှုန်းများ နှင့် ညီညွတ်ခြင်းရှိရမည်။

၃။ ဤသဘောတူညီချက်သက်ရောက်ခြင်း မရှိသောနိုင်ငံများ (သို့) နယ်မြေများတွင် အခြေစိုက်သော သင်္ဘောသားခေါ်ယူခြင်း နှင့် သင့်တော်သောနေရာပေးခြင်း ဝန်ဆောင်မှုများကို အသုံးပြုသော သင်္ဘောပိုင်ရှင်များအနေဖြင့် ၎င်းဝန်ဆောင်မှုများသည် စည်းမျဉ်းအစုတွင်စီစဉ် တင်ပြထားသော ပြဋ္ဌာန်းချက်များ နှင့် ညီညွတ်ခြင်းရှိရေး သေချာစေရန်အတွက် အဖွဲ့ဝင်အလံလွှင့်ထူထားသော သင်္ဘောပေါ်တွင် အလုပ်လုပ်သော သင်္ဘောသားများနှင့်စပ်လျဉ်း၍ အဖွဲ့ဝင်တစ်ဦးချင်းစီသည် တောင်းဆိုရမည်။

**ခေါင်းစဉ် ၂ - အလုပ်ခန့်အပ်မှုအခြေအနေများ**

- သင်္ဘောသားများ၏ အလုပ်ခန့်အပ်ခြင်း သဘောတူညီမှုစာချုပ်များ
- လုပ်ခလစာများ
- အလုပ်လုပ်ချိန် နှင့် အနားယူချိန်များ
- ခွင့်ရက်ခံစားပိုင်ခွင့်
- နေရပ်ပြန်ပို့ခြင်း
- သင်္ဘောပျောက်ဆုံးခြင်း (သို့) နစ်မြုပ်ခြင်းအတွက် သင်္ဘောသားကိုလျော်ကြေးပေးခြင်း
- လုပ်သားအင်အားအဆင့်များ
- ဘဝတက်လမ်း နှင့် စွမ်းဆောင်ရည်တိုးတက်မှုအခွင့်အလမ်းများ

## သင်္ဘောသားများ၏ အလုပ်ခန့်အပ်ခြင်း သဘောတူညီမှုစာချုပ်များ

### *သင်္ဘောသားများတွင် မျှတသည့် အလုပ်ခန့်အပ်ခြင်း သဘောတူညီမှုစာချုပ်များ ရှိရေးသေချာစေရန်*

သင်၏ အလုပ်ခန့်အပ်မှု စည်းမျဉ်းစည်းကမ်းများကို စီစဉ်တင်ပြထားသောမျှတသည့် အလုပ်ခန့်အပ်ခြင်း သဘောတူညီမှုစာချုပ်တစ်ခု (သို့) ကန်ထရိုက်တစ်ခုရရှိရန် သင့်တွင် အခွင့်အရေးရှိသည်။ ၎င်းသဘောတူညီမှုစာချုပ်ကို သင် နှင့် သင်၏အလုပ်ရှင်က လက်မှတ်ထိုးရမည်ဖြစ်ပြီး၊ ၎င်းသဘောတူညီမှု စာချုပ်သည် နားလည်လွယ်ရမည်ဖြစ်ကာ ဥပဒေအရ သက်ရောက်မှုရှိရမည်။ အလုပ်ရှင်ဘက်မှ သင်္ဘောပိုင်ရှင်၊ သင်္ဘောပိုင်ရှင်၏ကိုယ်စားလှယ် (သို့မဟုတ်) သင်္ဘောမန်နေဂျာ၊ အေးဂျင့် သို့မဟုတ် bareboat charterer တို့ကဲ့သို့ သင်္ဘောပိုင်ရှင်၏ တာဝန်ကိုယူထားသည့် အခြားပုဂ္ဂိုလ်တစ်ဦးက လက်မှတ်ထိုးနိုင်သည်။ အကယ်၍ သင်သည် သင်္ဘောပေါ်တွင် အခြားကုမ္ပဏီတစ်ခုအတွက် အလုပ်လုပ်နေခြင်းဖြစ်ခဲ့လျှင်ပင် (ဥပမာ အပျော်စီးသင်္ဘောများပေါ်တွင် ဟိုတယ်ဝန်ထမ်းများအဖြစ် အလုပ်လုပ်နေသော သင်္ဘောလုပ်သားများ) အလုပ်ခန့်အပ်ခြင်း သဘောတူညီမှုစာချုပ်အရ သင်၏အခွင့်အရေးများအပေါ် လေးစားရေးကိုသေချာစေရန် သင်္ဘောပိုင်ရှင်တွင် တာဝန်ရှိသည်။

လက်မှတ်ထိုးထားသည့် စာချုပ်မူရင်းတစ်စောင်ကို သင်ရယူသိမ်းဆည်းထားရမည်ဖြစ်ကာ ၎င်းစာချုပ်မိတ္တူတစ်စုံကို သင်္ဘောပေါ်တွင် ထားရှိရမည်။ သင်၏ အခွင့်အရေးများ နှင့် တာဝန်များကို အပြည့်အဝနားလည်ကြောင်းသေချာပါစေ။ သင်လက်မှတ်မထိုးခင် အကြံဉာဏ်ရယူရန် သင့်တွင် အခွင့်အရေးရှိသည်။ အလုပ်ခန့်အပ်ခြင်း သဘောတူညီမှုစာချုပ်တွင် သင့်လျော်သော CBA များကိုလည်း ပုံမှန်အားဖြင့် တရားဝင်ထည့်သွင်းထားသည်။

CBA အပါအဝင် အလုပ်ခန့်အပ်မှု၏ စည်းမျဉ်းစည်းကမ်းများနှင့်စပ်လျဉ်းသော သတင်းအချက်အလက်များအားလုံးကို သင်္ဘောပေါ်ရှိလူတိုင်းသည် လွတ်လပ်စွာ ရရှိနိုင်ရမည်ဖြစ်ပြီး ဆိပ်ကမ်းတွင် စစ်ဆေးမှုအတွက်လည်း ၎င်းသတင်းအချက်အလက်များကို ပေးထားရမည်။ အကယ်၍ သင်၏ အလုပ်ခန့်အပ်ခြင်း သဘောတူညီမှုစာချုပ် (သို့) CBA သည် အင်္ဂလိပ်ဘာသာဖြင့် ရေးသားထားခြင်း မဟုတ်ပါက နိုင်ငံတကာ ရေကြောင်းတွင် သွားလာနေသော သင်္ဘောများအတွက် ၎င်းကို အင်္ဂလိပ်ဘာသာပြန်ဆိုပြီး သင်္ဘောပေါ်တွင် ထားရှိရမည်။

အလုပ်ခန့်အပ်မှု စာချုပ်အပြင် သင်၏အလုပ်ရရှိမှု (သို့) တာဝန်ပြီးဆုံးမှု စာအုပ်မှတ်တမ်းတစ်ခုကို သင်က လက်ခံရရှိရမည်ဖြစ်သည်။ ၎င်းသည် သင်အခြားအလုပ်ရှာဖွေသော အခါတွင်ဖြစ်စေ၊ ရာထူးတိုးအတွက် လျှောက်ထားရာတွင်ဖြစ်စေ သင့်ကိုအထောက်အကူပြုပါလိမ့်မည်။ ၎င်းမှတ်တမ်းတွင် သင်၏ လုပ်ရည်ကိုင်ရည် (သို့) စည်းကမ်းလိုက်နာမှုပြဿနာများ နှင့်ပတ်သက်သော ရည်ညွှန်းချက်မပါဝင်ရဘဲ သင်၏ အမှုထမ်းခြင်း စာရွက်စာတမ်းတစ်ခုသာ ဖြစ်ရမည်။

## သင်၏အလုပ်ခန့်အပ်ခြင်းသဘောတူညီမှုစာချုပ်တွင် မည်သည်တို့ပါဝင်ရမည်နည်း။

- သင်၏ အမည်အပြည့်အစုံ၊ မွေးနေ့ / အသက် နှင့် မွေးဖွားရာဒေသ
- သင်္ဘောပိုင်ရှင်၏ အမည် နှင့် နေရပ်လိပ်စာ
- သဘောတူညီမှုစာချုပ် လက်မှတ်ထိုးသည့် နေရာ နှင့် အချိန်
- သင်္ဘောပေါ် ရရှိသည့်ရာထူး (ဥပမာ တတိယအင်ဂျင်နီယာ၊ ရေတပ်သား၊ ထမင်းချက် စသည်)
- သင်၏ လုပ်ခလစာပမာဏ နှင့် တွက်ချက်ပုံ
- လစာပြည့် နှစ်စဉ်ခွင့်ပမာဏ
- အကန့်အသတ်မရှိ ရှည်လျားသည့်သတိပေးကာလ (ဤသည်ကို သင်္ဘောသားအတွက်ထက် သင်္ဘောပိုင်ရှင်အတွက်က ပို၍မနည်းရပါ။ ဆိုလိုသည်မှာ သင်္ဘောပိုင်ရှင်သည် တစ်လသာပေးရမည်ဖြစ်ပါက သင့်ကို နှစ်လပေးရန်အတွက် တောင်းဆို၍မရပါ။) အပါအဝင် သဘောတူညီမှုစာချုပ်ကို ရပ်ဆိုင်းခြင်း အခြေအနေများ
- သက်တမ်းကုန်မည့် နေ့စွဲ - အကယ်၍ သဘောတူညီမှုစာချုပ်သည် သတ်မှတ်ထားသော သက်တမ်းတစ်ခုအတွက်ဖြစ်ပါက သင်သည် မည်သည့်အချိန်တွင် တာဝန်ပြီးဆုံးမည်ဆိုသည်ကို သိပိုင်ခွင့်ရှိသည်။
- ဆိုက်ကပ်မည့်ဆိပ်ကမ်း - အကယ်၍ ဤသဘောတူညီမှုစာချုပ်သည် ရေကြောင်းခရီးတစ်ခုတည်းအတွက်သာဖြစ်ပါက သင့်တာဝန် ပြီးဆုံးချိန်သည် သင်သင်္ဘောပေါ်ရောက်ရှိပြီး မည်မျှကြာမြင့်သည့်အချိန် ဖြစ်သည်ကို သိထားသင့်သည်။
- သင်္ဘောပိုင်ရှင်မှ ပေးအပ်မည့် ကျန်းမာရေး နှင့် လူမှုဖူလုံရေးအကျိုးများ
- နေရပ်ပြန်ပို့ခြင်းဆိုင်ရာ ခံစားခွင့်အသေးစိတ်များ
- အကယ်၍သင့်လျော်ပါက CBA ကိုးကားချက်
- နိုင်ငံတော်မှ ပြဋ္ဌာန်းထားသည့် ဥပဒေမှ တောင်းခံသည့် အခြားမည်သည့် အသေးစိတ်အချက်အလက်တို့မဆို

စည်းမျဉ်း ၂.၁

၁။ သင်္ဘောသားတစ်ဦး၏ အလုပ်ခန့်အပ်မှုအတွက် စည်းမျဉ်းစည်းကမ်းများကို ရှင်းလင်းစွာရေးသားထားကာ ဥပဒေအရသက်ရောက်မှုရှိသော သဘောတူညီမှုစာချုပ်တစ်ခုတွင် ရည်ညွှန်းရမည် (သို့) စီစဉ်တင်ပြရမည်ဖြစ်ပြီး ၎င်းတို့သည် စည်းမျဉ်းအစုတွင် စီစဉ်တင်ပြထားသော စံနှုန်းများနှင့် ညီညွတ်ရမည်။

၂။ သင်္ဘောသားအနေဖြင့် သဘောတူညီမှုစာချုပ်ပါ စည်းမျဉ်းစည်းကမ်းများ နှင့် စပ်လျဉ်း၍ သုံးသပ်ရန်၊ အကြံဉာဏ်ရယူရန် အခွင့်အရေးရရှိရေး နှင့် လက်မှတ်မထိုးခင် ၎င်းတို့ကို လွတ်လပ်စွာလက်ခံရေးသေချာစေမည့် အခြေအနေများအရ သင်္ဘောလုပ်သားများ၏ အလုပ်ခန့်အပ်ခြင်း သဘောတူညီမှု စာချုပ်များကို သင်္ဘောသားမှ သဘောတူရမည်။

၃။ သင်္ဘောသားများ၏ အလုပ်ခန့်အပ်ခြင်း သဘောတူညီမှုစာချုပ်များတွင် အဖွဲ့ဝင်၏ အမျိုးသားဥပဒေ နှင့် လက်တွေ့ကျင့်သုံးမှုတို့ နှင့် သဟဇာတဖြစ်သော အတိုင်းအတာတစ်ခုအထိ မည်သည့် သင့်လျော်သော အလုပ်ရှင်၊ အလုပ်သမား ညှိနှိုင်းသဘောတူညီချက်များကိုမဆို ထည့်သွင်းရန် နားလည်ထားရမည်။

## လုပ်ခလစာများ

*သင်္ဘောသားများကို ၎င်းတို့၏ အမှုထမ်းခြင်းအတွက် ငွေပေးချေရေး သေချာစေရန်*

သင်၏ အလုပ်ခန့်အပ်ခြင်း သဘောတူညီမှုစာချုပ် (သို့) CBA နှင့်အညီ အနည်းဆုံးလစဉ် ပုံမှန်အပြည့်အဝ ငွေပေးချေခြင်းခံရရေး သင့်တွင်အခွင့်အရေးရှိသည်။

လုပ်ခလစာများ၊ အပိုဆောင်းပေးချေမှုများ နှင့် အလုပ်ခန့်အပ်ခြင်း သဘောတူညီမှုစာချုပ်တွင် စီစဉ်တင်ပြထားသည့် ငွေကြေးစနစ် နှင့် ကွဲပြားမှုရှိပါက ငွေလဲလှယ်နှုန်းအပါအဝင် ပေးချေရန်အချိန်ကျရောက်နေပြီဖြစ်သည့် ငွေပေးချေမှုများ နှင့် ပေးချေထားပြီးသောပမာဏများကို စီစဉ်တင်ပြထားသည့် လစဉ်ငွေအကောင့်တစ်ခုကို သင့်အား အလုပ်ရှင်က ပေးအပ်ရမည်ဖြစ်သည်။

အခြေခံလုပ်ခ (သို့) လုပ်ခလစာဆိုသည်မှာ ပုံမှန်အားဖြင့် တစ်နေ့ ၈ နာရီထက်မပို၊ တစ်ပတ် ၄၈ နာရီ ထက်မပိုသော ပုံမှန်အလုပ်ချိန်များအတွက် လုပ်ခကိုဆိုလိုသည်။ အခြေခံလုပ်ခသည် မည့်သည့်အခါတွင်မှ အကြံပြုထားသော အနိမ့်ဆုံးလုပ်ခလစာထက်မနည်းသင့်ပါ။

အကယ်၍သင်သည် အလုပ်သမားသမဂ္ဂတစ်ခု၏ အဖွဲ့ဝင်ဖြစ်ပါက သင်၏ကိုယ်စား သင့်အလုပ်သမားသမဂ္ဂက အလုပ်ရှင် နှင့် လုပ်ခလစာကိစ္စအတွက် ညှိနှိုင်းရခြင်းမျိုး ရှိလိမ့်မည်။ ပင်လယ်ရေကြောင်း နိုင်ငံများတွင် အမေရိကန်ဒေါ်လာ ငွေကြေးလဲလှယ်မှု နှုန်းထားများ၊ နေထိုင်မှုစရိတ်များဆိုင်ရာ အပြောင်းအလဲများကို ထည့်သွင်းစဉ်းစားသည့် ဖော်မြူလာတစ်ခုကိုအခြေခံကာ ရေတပ်သားများအတွက် အကြံပြုထားသော အနိမ့်ဆုံးလုပ်ခလစာတစ်ခုကို ILO က သတ်မှတ်ထားပါသည်။ သင်္ဘောပိုင်ရှင်များ နှင့် အလုပ်သမားသမဂ္ဂတို့က လုပ်ခလစာအတိုင်းအတာများကို သဘောတူညီမှု ပြုကြသောအခါတွင် ၎င်းကို အကိုးအကားတစ်ခုအနေဖြင့် အသုံးပြုသည်။ အကြံပြုထားသော ILO ၏ အနိမ့်ဆုံးလုပ်ခလစာထက် ပို၍နိမ့်သောနှုန်းထားတစ်ခုကို မည်သည့်သင်္ဘောသားကိုမှ ပေးချေခွင့်မရှိပါ။ အကြံပြုထားသော ILO ၏ အနိမ့်ဆုံး လုပ်ခလစာ နှင့် စပ်လျဉ်းသော ITF အဓိပ္ပါယ်ကောက်ယူမှုအကြောင်း ပို၍သိရှိလိုပါက www.itfseafarers.org ကို ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

### အချိန်ပို

အကယ်၍ သင်သည် ပုံမှန်အလုပ်ချိန်ထက်ပို၍ အလုပ်လုပ်ရန်လိုအပ်ပါက သင့်အား အချိန်ပိုကြေးပေးရမည်။ ဤသည်မှာ ဥပဒေ (သို့) သင်၏ CBA တွင်ပါဝင်ရမည်ဖြစ်ကာ လုပ်ခနှုန်းထားသည် အခြေခံ နှုန်းထား၏ အနည်းဆုံး တစ်လေးပိုင်းတစ်ပိုင်းဆဖြစ်သင့်သည်။ အချို့အလုပ်ခန့်အပ်ခြင်း သဘောတူညီမှု စာချုပ်များတွင် အခြေခံလုပ်ခ နှင့် အချိန်ပိုကို စုပေါင်းထားပြီး၊ ဤကိစ္စမျိုးတွင်လည်း အလားတူစည်းမျဉ်းများ သက်ရောက်ရမည်။ အချိန်ပိုမှတ်တမ်းများကို ကပ္ပတိန်က သိမ်းဆည်းထားကာ သင်က ၎င်းကိုမှန်ကန်ကြောင်း အနည်းဆုံးတစ်လတစ်ခါ လက်မှတ်ထိုးထားသင့်သည်။ ဥပဒေအရဖြစ်စေ၊ သင်၏ CBA စည်းမျဉ်းစည်းကမ်းများအရဖြစ်စေ အများပြည်သူရုံးပိတ်ရက်တစ်ခု (သို့) အနားယူရက်အဖြစ် သတ်မှတ်ထားသော နေ့တွင် သင်သည် အလုပ်လုပ်ရမည်ဆိုပါက သင့်အနေဖြင့် အချိန်ပိုလုပ်အားခရပိုင်ခွင့် (သို့) ပါက ၎င်း အစားအလုပ်နားချိန် ရယူခံစားပိုင်ခွင့် ရှိသည်။

**အငြင်းပွားမှုများရှိလာနိုင်သည့်အတွက် သင်၏ ကိုယ်ပိုင်အချိန်ပိုလုပ်သော မှတ်တမ်းမိတ္တူတစ်ခုကို သိမ်းဆည်းထားခြင်းသည် အလေ့အကျင့်ကောင်းဖြစ်သည်။**

### အိမ်သို့ငွေပေးပို့ခြင်း

သင်ရှာဖွေရရှိမှုများအားလုံး (သို့) တစ်စိတ်တစ်ပိုင်းကို သင်သည် အိမ်သို့ပေးပို့နိုင်ရေး သင်၏ အလုပ်ရှင်က သေချာစွာ ဆောင်ရွက်စေရမည်။ ဤသည်ကို သင်စာချုပ်လက်မှတ်ထိုးစဉ်က သဘောတူညီထားသည့် ပုံမှန်ဘဏ် ငွေလွှဲဝန်ဆောင်မှုမှ တဆင့်ပြုလုပ်နိုင်သည်။ ငွေလွှဲများကို သင်က တင်သွင်းထားသည့် ပုဂ္ဂိုလ် (သို့) အကောင့်ထံသို့ တိုက်ရိုက်အချိန်မှန်ပို့ဆောင်ရမည်။ ၎င်းဝန်ဆောင်မှုများအတွက် မခိုင်လုံသော ကုန်ကျစရိတ်များကို သင့်အားပေးချေခိုင်းခြင်း မပြုစေရပါ။ ငွေလဲလှယ်နှုန်းသည် လက်ရှိဈေးကွက်အတွင်းရှိ နှုန်းထား (သို့) သင့်အတွက် အဆင်မပြေမှုမဖြစ်စေသော တရားဝင်ထုတ်ပြန်ထားသည့် နှုန်းထားဖြစ်ရမည်။

### သင်၏ခံစားပိုင်ခွင့်များ

- သင်္ဘောတစ်စီးတည်းပေါ်ရှိ သင်္ဘောသားများကို ခွဲခြားဆက်ဆံခြင်းမရှိဘဲ တူညီသောလုပ်ငန်းအတွက် တူညီသောလုပ်ခ ပေးချေရမည်။
- လုပ်ခနှုန်းထား အသေးစိတ်အချက်အလက်များအပါအဝင် သင်္ဘောသားများ ၏ အလုပ်ခန့်အပ်ခြင်း သဘောတူညီမှုစာချုပ်များကို သင်္ဘောပေါ်တွင် ထားရှိရမည်။
- အလုပ်တာဝန်ပြီးဆုံးပါက ရရန်ရှိနေသော မည်သည့်လုပ်အားခကိုမဆို သင့်အား အပြည့်အဝ ပေးချေရမည်။
- အကယ်၍ သင်္ဘောပိုင်ရှင်သည် လွန်ကဲသောကြန့်ကြာမှုမရှိဘဲ ရရန်ရှိနေသော မည်သည့်လုပ်အားခကို မဆိုပေးချေရန် ပျက်ကွက်ပါက သင်၏သမဂ္ဂကိုယ်စားလှယ် (သို့) flag State မှဖြစ်စေ၊ port State မှ ဖြစ်စေ ကိုယ်စားလှယ်တစ်ဦးကို ဆက်သွယ်ပါ။ မိမိ၏ သင်္ဘောသားများကို ငွေပေးချေခြင်းမရှိသော သင်္ဘောပိုင်ရှင်များကို အပြစ်ပေးရေးအတွက် စနစ်တစ်ခု အဆင်သင့်ရှိထားသင့်သည်။ လုပ်ခလစာပေးရန် ပျက်ကွက်ခြင်းသည် flag State များနှင့် port State များမှ သင်္ဘောစစ်ဆေးမှုကို ခံရဖွယ်ရှိသောကိစ္စဖြစ်ပြီး သင်္ဘောကိုထိန်းသိမ်းထားခြင်း ခံရသည်အထိ ဖြစ်သွားနိုင်ပါသည်။
- ပြဋ္ဌာန်းထားသော ဥပဒေက အသေအချာခွင့်ပြုထားခြင်း (သို့) CBA တွင် သဘောတူညီထားခြင်းမရှိဘဲ သင်၏ လုပ်ခထဲမှ အလုပ်ခန့်အပ်ခြင်းအတွက် စရိတ်စကများအပါအဝင် မည်သည့်ဖြတ်တောက်ခြင်းကိုမှ ပြုလုပ်နိုင်ခြင်း မရှိပါ။
- အလုပ်ခန့်အပ်ခြင်း သဘောတူညီမှု စာချုပ်စည်းမျဉ်းစည်းကမ်းများကို ကျော်လွန်၍ သင်္ဘောပေါ်တွင် ပေးအပ်ထားသော ဝန်ဆောင်မှုများအတွက် ငွေကြေးကောက်ခံမှုများသည်လည်း သင့်တင့်မျှတရမည်ဖြစ်သည်။
- သင်၏ လုပ်ခလစာငွေအား မည်သို့သုံးစွဲမည်ဆိုသည်ကို သင်သည် လွတ်လပ်စွာဆုံးဖြတ်နိုင်သည်။

စည်းမျဉ်း ၂.၂

၁။ အလုပ်ခန့်အပ်ခြင်း သဘောတူညီမှုစာချုပ်များနှင့်အညီ သင်္ဘောသားများအားလုံးအား ၎င်းတို့၏ လုပ်အားအတွက် အပြည့်အဝ ပုံမှန်ငွေပေးချေရမည်ဖြစ်သည်။

## အလုပ်လုပ်ချိန် နှင့် အနားယူချိန်

***သင်္ဘောသားများတွင် စည်းစနစ်ကျသောအလုပ်လုပ်ချိန် နှင့် အနားယူချိန်ရရှိရေးတိကျသေချာစေမည်***

ပင်ပန်းနွမ်းလျမှုကို ရှောင်ရှားရေး နှင့် သင်္ဘောကိုဘေးကင်းစွာ မောင်းနှင်နိုင်ရေးသေချာစေရန်အတွက် အလုပ်လုပ်ချိန် နှင့် အနားယူချိန်တို့ကို စည်းမျဉ်းဖြင့်ထိန်းသိမ်းသည်။

ပုံမှန်အလုပ်လုပ်ချိန်ကို တစ်ပတ်လျှင်တစ်ရက်အနားယူခြင်း နှင့် တစ်ရက်လျှင် ၈ နာရီ အလုပ်လုပ်ချိန် ပေါ်တွင် အခြေခံထားသည်။ ဤနေရာတွင် သင်၏ CBA (သို့) အလုပ်ခန့်အပ်ခြင်း သဘောတူညီမှုစာချုပ်အရ သက်ရောက်ပုံကွဲပြားနိုင်သည်။

ကန့်သတ်ချက်များကို အမြင့်ဆုံးအလုပ်လုပ်ချိန် (သို့) အနိမ့်ဆုံးအနားယူချိန်ပေါ်တွင် အခြေခံမည်၊ မခံမည်ကို flag State က ဆုံးဖြတ်နိုင်သည်။

အမြင့်ဆုံးအလုပ်လုပ်ချိန်
- သင်သည် မည်သည့် ၂၄ နာရီကာလအတွင်းမဆို ၁၄ နာရီထက်ပို၍ အလုပ်မလုပ်ရပါ။
- သင်သည် မည်သည့် ၇ ရက်ကာလအတွင်းမဆို ၇၂ နာရီထက်ပို၍ အလုပ်မလုပ်ရပါ။

အနိမ့်ဆုံးအနားယူချိန်
- သင့်တွင် မည်သည့် ၂၄ နာရီကာလအတွင်းမဆို အနားယူချိန် အနည်းဆုံး ၁၀ နာရီရှိရမည်။
- သင့်တွင် မည်သည့် ၇ ရက်တာ ကာလအတွင်းမဆို အနားယူချိန် အနည်းဆုံး ၇၇ နာရီရှိရမည်။

အနားယူချိန်ကို ကာလနှစ်ခုထက်မပိုစေရဘဲ ခွဲခြားနိုင်ပြီး၊ ၎င်းတို့ထဲမှ တစ်ခုသည် အနည်းဆုံး ၆ နာရီကြာချိန်ရှိရမည်။

သင်သည် အနားမယူဘဲ ၁၄ နာရီထက်ပို၍ အလုပ်မလုပ်ရပါ။

**ကံဆိုးစွာဖြင့် flag State အများစုသည် အနိမ့်ဆုံးအနားယူချိန်ပေါ်တွင်အခြေခံသောတွက်ချက်မှုကို အသုံးပြုကြသည်။ ၎င်းသည် သင့်အား မည်သည့် ၇ ရက်ကာလအတွင်းမဆို ၉၁ နာရီအထိ အလုပ်စေ ခိုင်းနိုင်မည့် ပို၍ပြောင်းလွယ်ပြင်လွယ်ပြုပိုင်ခွင့်ကို သင်္ဘောပိုင်ရှင်အား ပေးအပ်ထားသည်။**

သင်္ဘော နှင့် လုပ်သားများ၏ ဘေးကင်းမှုကို ခြိမ်းခြောက်လာနိုင်သော အရေးပေါ်အခြေအနေတစ်ခု ကြုံလာသောအခါ (သို့) ပင်လယ်ပြင်တွင်း ဘေးအန္တရာယ်ကျရောက်နေသော အခြားသင်္ဘောများ (သို့) လူများကို ကူညီနိုင်ရေး ဆောင်ရွက်သောအခါ ကပ္ပတိန်အနေဖြင့် ပြဿနာဖြေရှင်းပြီးသည်အထိ အလုပ်အချိန်ဇယားကို ရပ်ဆိုင်းထားနိုင်သည်။ အကယ်၍အရေးပေါ်အခြေအနေများ (သို့) ကြိုတင်စီမံထားခြင်း မရှိသော အရေးပေါ်ကိစ္စများက ပုံမှန်အလုပ်လုပ်ချိန်ကို အလျဉ်ပြတ်စေခဲ့ပါက သင်သည် လုံလောက်သော အစားထိုးအနားယူချိန်တစ်ခုကို ခံစားပိုင်ခွင့်ရှိသည်။

လူစုဝေးခြင်း နှင့် အခြားလေ့ကျင့်မှုများအားလုံးကို အနားယူချိန်ကို အနှောက်အယှက်ဖြစ်စေမှု အနည်းဆုံးပုံစံဖြင့်သာ ပြုလုပ်ရမည်။

သင်္ဘောများအားလုံးသည် သင်္ဘောပေါ်တွင် သုံးသောဘာသာစကား နှင့် အင်္ဂလိပ်ဘာသာစကားတို့ဖြင့် ရေးသားထားသော သင်္ဘောပေါ်ရှိ လုပ်ငန်းအစီအစဉ်များပါဝင်သော ဇယားတစ်ခုကို ပြသထားရမည်။ ၎င်းတွင် ပါဝင်ရမည်တို့မှာ -

- ပင်လယ်ပြင်တွင်အမှုထမ်းခြင်း နှင့် ဆိပ်ကမ်းတွင်အမှုထမ်းခြင်း အချိန်ဇယား
- ဥပဒေ သို့မဟုတ် သက်ဆိုင်သော CBA များမှ သတ်မှတ်ထားသည့် အမြင့်ဆုံးအလုပ်လုပ်ချိန် နှင့် အနိမ့်ဆုံးအနားယူချိန်

အလုပ်လုပ်ချိန်နှင့် အနားယူချိန်တို့ကို မှတ်တမ်းပြုလုပ်ထားရမည်။ သို့မှသာ စည်းမျဉ်းများကို လေးစားလိုက်နာကြောင်း သေချာစေရေးအတွက် ၎င်းတို့ကို စစ်ဆေးနိုင်မည်ဖြစ်သည်။ သင့်အနေဖြင့် သင်၏ အလုပ်လုပ်ချိန်/အနားယူချိန်များကို မှန်ကန်ကြောင်းလက်မှတ်ထိုးထားသော မိတ္တူတစ်စောင်ကို ရယူထားရမည်။

ငယ်ရွယ်သောသင်္ဘောလုပ်သားများကို အကာအကွယ်ပေးရေးသေချာစေရန် ဖန်တီးထားသည့် ဖြည့်စွက်လမ်းညွှန်ချက်များရှိပါသည်။ သင့်အနေဖြင့် တစ်ရက်လျှင် ၈နာရီထက်ပို၍၊ တစ်ပတ်လျှင် နာရီ ၄၀ ထက်ပို၍ အလုပ်လုပ်ရခြင်းမျိုးမဖြစ်သင့်ပါ။ သင့်တွင် အစာစားရန်အတွက် အချိန်လုံလောက်စွာ ရှိရမည်ဖြစ်ပြီး၊ သဘောတူညီထားသော လေ့ကျင့်သင်ကြားရေးအစီအစဉ်များကို အနှောက်အယှက်မဖြစ်ပါက အနည်းဆုံး နေ့တစ်နေ့၏ အဓိကအစာစားချိန်အတွက် အချိန် ၁ နာရီရရှိကာ နှစ်နာရီခြားတစ်ခါတိုင်း ၁၅ မိနစ်ကြာ ခေတ္တနားချိန်များရှိရပါမည်။

စည်းမျဉ်း ၂.၃

၁။ အဖွဲ့ဝင်တစ်ဦးချင်းစီအနေဖြင့် သင်္ဘောသားများ၏ အလုပ်လုပ်ချိန် သို့မဟုတ် အနားယူချိန်များ စည်းစနစ်ကျစေရေး တိကျသေချာစေရမည်။
၂။ အဖွဲ့ဝင်တစ်ဦးချင်းစီအနေဖြင့် စည်းမျဉ်းအစုတွင်ပါဝင်သော ပြဋ္ဌာန်းချက်များအရ သဘောတူထားသော ကာလတစ်လျှောက် အမြင့်ဆုံးအလုပ်လုပ်ချိန် (သို့) အနိမ့်ဆုံးအနားယူချိန်တို့ကို သတ်မှတ်ထားရမည်။

## ခွင့်ရက်ခံစားပိုင်ခွင့်

*သင်္ဘောသားများတွင် လုံလောက်သော ခွင့်ရက်ရရှိရေးသေချာစေရန်*

သင့်အနေဖြင့် ကျန်းမာရေး နှင့် ပျော်ရွှင်ချမ်းမြေ့ရေးအတွက် ကမ်းကပ်ချိန်ခွင့်ရက်နှင့် လစာပြည့်နှစ်ပတ်လည်ခွင့်ရက်များကို ခံစားပိုင်ခွင့်ရှိသည်။

Flag State များအနေဖြင့် သင်၏ သင်္ဘောသားတစ်ဦးအနေ နှင့် အထူးလိုအပ်ချက်များကို ထည့်သွင်းစဉ်းစားကာ နှစ်ပတ်လည်ခွင့်ရက်များအတွက် အနိမ့်ဆုံးစံနှုန်းများကို သတ်မှတ်ထားရမည်။ နှစ်ပတ်လည် ခွင့်ရက်ခံစားပိုင်ခွင့်ကို အလုပ်ခန့်အပ်သည့်ပြက္ခဒိန်လတိုင်းအတွက် ၂.၅ ရက်အခြေခံပေါ်တွင် တွက်ချက်သည်။ ဖျားနာခြင်း၊ ခွင့်ပြုချက်ယူထားသော လေ့ကျင့်ရေးသင်တန်းတစ်ခု တက်ရောက်ခြင်းတို့ကဲ့သို့ အကြောင်းခိုင်လုံသောအလုပ်ပျက်ကွက်မှုများကို နှစ်ပတ်လည်ခွင့်ရက်များအဖြစ် သတ်မှတ်၍မရပါ။ သင်၏ လစာပြည့်ခွင့်ရက်ခံစားခွင့်ကို ငြင်းပယ်ခြင်း (သို့)နှုတ်ပိတ်စေမှုပြုလုပ်ခြင်းကို တားမြစ်ထားသည်။

**သင်ခွင့်ယူထားသော အချိန်အတောအတွင်းတွင် အခြားသဘောတူညီထားသော ခံစားခွင့်များလည်း သက်ရောက်မှု ရှိနေဦးမည်ဖြစ်သည်။ သင်ကရပ်နားမှသာ စာချုပ်ပြီးဆုံးမည်ဖြစ်သည်။**

အောက်ပါတို့ကို နှစ်ပတ်လည်ခွင့်ရက်အဖြစ် ရေတွက်၍မရပါ။

- အများပြည်သူနှင့် ဓလေ့ထုံးစံဆိုင်ရာ နေ့ထူးနေ့မြတ်များ
- ဖျားနာခြင်း၊ ထိခိုက်ဒဏ်ရာရခြင်း (သို့) မီးဖွားခြင်း
- ယာယီကမ်းကပ်ချိန်ခွင့်ရက်
- အစားထိုးခွင့်ရက်

သင်၏ မိခင်နိုင်ငံတွင် နှစ်ပတ်လည်ခွင့်ရက်ယူရန်အတွက် သင့်တွင် အခွင့်အရေးရှိသည်။ သင်၏ သဘောတူညီမှုစာချုပ် နှင့် ခိုင်လုံသော ဆက်စပ်မှုမရှိပါဘဲ ၎င်းဆက်စပ်မှုမရှိသောနေရာတွင်သာ ခွင့်ရက်ယူရန် သင့်ကို တောင်းဆိုပိုင်ခွင့်မရှိပါ။ အကယ်၍ ခွင့်ရက်ကို ခြားနားသော နေရာတစ်ခုမှနေ၍ယူရမည်ဆိုပါက သင်္ဘောပိုင်ရှင်၏စရိတ်ဖြင့် သင့်အား အလုပ်ခန့်အပ်ထားရာနေရာဆီသို့ အခမဲ့သယ်ယူပို့ဆောင်ရေး၊ ခရီးကြာမြင့်ချိန်အတွက် ဝမ်းရေးဖူလုံမှုတို့ကို သင်သည် ခံစားပိုင်ခွင့်ရှိသည်။ ခရီးသွားနေချိန်ကို သင်၏ လစာပြည့်နှစ်ပတ်လည်ခွင့်ရက်များမှ နုတ်ယူခြင်းမပြုရပါ။

သင်သည် မည်သည့်အချိန်တွင် ခွင့်ရက်ယူမည်ဆိုသည်ကို သင် နှင့် သင်၏အလုပ်ရှင်အကြား သဘောတူညီချက်ယူထားကြရမည်။ ခွင့်ရက်များအားလုံးကို သင့်အနေဖြင့် တစ်ကြိမ်တည်းယူနိုင်သည်။ သို့ရာတွင် တစ်ခါတစ်ရံ အပိုင်းများခွဲ၍ယူလျှင်လည်း ရသည်။



စည်းမျဉ်း ၂.၄

၁။ အဖွဲ့ဝင်တစ်ဦးချင်းစီအနေဖြင့် စည်းမျဉ်းအစုတွင်ပါဝင်သော ပြဋ္ဌာန်းချက်များနှင့်အညီ သင့်လျော်သော အခြေအနေများအရ ၎င်း၏ အလံလွှင့်ထူထားသော သင်္ဘောများပေါ်တွင် အလုပ်လုပ်ကိုင်သော သင်္ဘောသားများကို လစာပြည့်ခွင့်ရက်ပေးရေးတောင်းဆိုရမည်။

၂။ သင်္ဘောသားများအား ၎င်းတို့၏ ကျန်းမာရေး၊ ပျော်ရွှင်ချမ်းမြေ့ရေးတို့အတွက် ကမ်းကပ်ချိန်ခွင့်ရက် နှင့် ၎င်းတို့ရာထူးများအရ လုပ်ငန်းလည်ပတ်မှု ဆိုင်ရာလိုအပ်ချက်များကို ဖြည့်ဆည်းပေးရမည်။

# နေရပ်ပြန်ပို့ခြင်း

***သင်္ဘောသားများ အိမ်ပြန်နိုင်ရေး တိကျသေချာစေရန်***

သင်သည် အောက်ပါအခြေအနေများအရ ငွေကြေးကုန်ကျခြင်းမရှိဘဲ နေရပ်ပြန်ပို့ပေးခံရရန် အခွင့်အရေးရှိသည်။

- သင်နိုင်ငံရပ်ခြားရောက်နေစဉ်အတောအတွင်း သင်၏ အလုပ်ခန့်အပ်ခြင်း သဘောတူညီမှုစာချုပ်သက်တမ်း ကုန်ဆုံးခြင်း
- သင်၏စာချုပ်ကို သင်္ဘောပိုင်ရှင်က အဆုံးသတ်ခြင်း
- ခိုင်လုံသောအကြောင်းပြချက်များဖြင့် သင်က စာချုပ်အဆုံးသတ်ခြင်း
- ဖျားနာခြင်း၊ ထိခိုက်ဒဏ်ရာရခြင်း၊ သင်္ဘောပျက်ခြင်း၊

စစ်ဖြစ်ပွားရာနယ်မြေတွင် ကုန်သွယ်ခြင်းတို့ကဲ့သို့သော အကြောင်းများကြောင့် သဘောတူညီမှုစာချုပ်အရ သင်၏ အလုပ်တာဝန်များကိုထမ်းဆောင်ရန် မတတ်နိုင်ခြင်း (သို့) သင်္ဘောပိုင်ရှင်က သင့်အပေါ်ရှိသည့် ၎င်း၏ ဝတ္တရားများကိုဆောင်ရွက်ရန်ပျက်ကွက်ခြင်း သင်္ဘောပိုင်ရှင်၏ စရိတ်စကဖြင့် နေရပ်ပြန်ပို့ခြင်း ခံစားခွင့်မတိုင်မီ သင့်ကိုသင်္ဘောပေါ်တွင် တာဝန်ထမ်းဆောင်စေလိုသည့် အများဆုံးအချိန် ကာလသည် ၁၂ လ ဖြစ်သည်။

သင့်အနေဖြင့် အလုပ်ခန့်အပ်ခြင်း သဘောတူညီမှုစာချုပ်၏ စည်းမျဉ်းများကို ဆိုးရွားစွာချိုးဖောက်ခြင်း မရှိဘဲလျက် သင်္ဘောပိုင်ရှင်များသည် နေရပ်ပြန်ပို့ခြင်း ကုန်ကျစရိတ်အတွက် သင်၏လုပ်ခလစာထဲမှ ဖြတ်တောက်ခြင်း (သို့) သင့်အား ငွေထည့်ဝင်ရန်ပြောဆိုခြင်းတို့ကို ပြုလုပ်ခွင့်မရှိပါ။

အကယ်၍ သင်္ဘောပိုင်ရှင်သည် သင့်အားနေရပ်ပြန်ပို့ခြင်းအတွက် အကုန်အကျခံရန်ပျက်ကွက်ခဲ့ပါက flag State က ဤတာဝန်ကို လွှဲပြောင်းယူရမည်။ အကယ်၍ flag State က အကြောင်းကြောင်းကြောင့် ဤသို့လုပ်ရန်ပျက်ကွက်ခဲ့ပါက သင်၏ ကောင်စစ်ဝန်ရုံး (သို့) သံတမန်ရေးရာအထူးအဖွဲ့တို့အား ဆက်သွယ်ပါ။ ၎င်းတို့သည် သင့်အားနေရပ်ပြန်ပို့ခြင်းအတွက် စီစဉ်ပေးနိုင်ကာ flag State ထံမှ ကုန်ကျစရိတ်ကို ပြန်လည်တောင်းခံနိုင်ရမည်ဖြစ်သည်။ flag State ကလည်း သင်္ဘောပိုင်ရှင်ထံမှ ကုန်ကျစရိတ်ကို ပြန်လည် တောင်းခံနိုင်သည်။ Port State သည်လည်း သင်အိမ်ပြန်ရောက်နိုင်ရေးအတွက် ကူညီရမည်။

သဘောတူညီချက်ကို လက်မှတ်ရေးထိုးထားသောနိုင်ငံများ၏ အလံကိုလွှင့်ထူထားသော သင်္ဘောများအားလုံးသည် flag State ၏ နေရပ်ပြန်ပို့ခြင်းဆိုင်ရာ ပြဋ္ဌာန်းချက်များပါသော မိတ္တူတစ်စုံကို သင်္ဘောပေါ်တွင် ဆောင်ထားရမည်ဖြစ်ပြီး သင်္ဘောသားများကို ပေးအပ်ထားရမည်ဖြစ်သည်။

သင်္ဘောပိုင်ရှင်သည် အောက်ပါကုန်ကျစရိတ်များကို ကျခံရမည်ဖြစ်သည်။

- နေရပ်ပြန်မည့် လေယာဉ်ခ (ပုံမှန်အားဖြင့် လေယာဉ်ဖြင့်သွားသည်)
- ခရီးကြာချိန်တစ်လျှောက်အတွက် နေရာထိုင်ခင်းနှင့် အစားအသောက်
- အကယ်၍ CBA များ (သို့) ဥပဒေများမှ သတ်မှတ်ထားပါက ခရီးကြာချိန်တစ်လျှောက်အတွက် လုပ်ခနှင့် ခရီးစရိတ်များ
- သင်၏ ၃၀ ကီလိုဂရမ်ရှိခရီးဆောင်အိတ် သယ်ယူပို့ဆောင်ခြင်း
- လိုအပ်ပါက ခရီးသွားရန် သင်၏ကျန်းမာရေးကောင်းမွန်မှုရှိရေးအတွက် ဆေးကုသမှု

သင့်အနေဖြင့် အောက်ပါရွေးချယ်စရာများထဲမှ နေရပ်ပြန်ပို့ခြင်းအတွက်နှစ်သက်ရာနေရာကို ရွေးချယ်ရန် အခွင့်အရေးရှိရမည်။

- သင်္ဘောစတက်ရန်သဘောတူထားသည့်နေရာ
- CBA တွင် ဖော်ပြထားသည့်နေရာ
- သင်နေထိုင်သည့်နိုင်ငံ
- အလုပ်ခန့်အပ်သည့်အချိန်တွင်သဘောတူထားသော အခြားမည်သည့်နေရာမဆို

အလုပ်ခန့်အပ်သည့်အချိန်တွင် သင်နှစ်သက်သောမည်သည့်ရွေးချယ်မှုကိုမဆို ပြုလုပ်သင့်သည်။

အကယ်၍သင်သည် အသက် ၁၈ နှစ်အောက်ဖြစ်ပြီး၊ သင်၏ ပထမဦးဆုံးနိုင်ငံရပ်ခြားသွားလာသော ရေကြောင်းခရီးတွင် အနည်းဆုံး ၄ လ တာဝန်ထမ်းဆောင်ပြီးဖြစ်ကာ ပင်လယ်ပြင်တွင်နေထိုင်ရခြင်းသည် မိမိအတွက် အဆင်မပြေကြောင်း သိရှိလာပါက ငွေကြေးကုန်ကျခံရန် မလိုအပ်ဘဲ သင့်တော်သော အနီးဆုံး ကမ်းကပ်မည့် ဆိပ်ကမ်းတစ်ခုတွင် နေရပ်ပြန်နိုင်ရန် အခွင့်အရေးရယူနိုင်သည်။

စည်းမျဉ်း ၂.၅

၁။ သင်္ဘောသားများအနေဖြင့် စည်းမျဉ်းအစုတွင် ပြဋ္ဌာန်းထားသော စည်းမျဉ်းများ နှင့် အခြေအနေများအရ မိမိက ငွေကြေးကုန်ကျ ခြင်းမရှိစေရဘဲ နေရပ်ပြန်ပို့ခြင်း ခံရရန်အခွင့် အရေးရှိသည်။

၂။ စည်းမျဉ်းအစုများနှင့်အညီ သင်္ဘောသားများအား အချိန်ရောက်သည်နှင့် နေရပ်ပြန်ပို့ပေးရေး သေချာ စေရန်အတွက် အဖွဲ့ဝင်တစ်ဦးချင်းစီ သည် ၎င်း၏ အလံလွှင့်ထူထားသော သင်္ဘောများ အား ငွေကြေးဆိုင်ရာအာမခံပေးအပ်ရန် တောင်းဆိုရမည်။

## သင်္ဘောပျောက်ဆုံးခြင်း (သို့) နစ်မြုပ်ခြင်းအတွက် သင်္ဘောသားကို လျော်ကြေးပေးခြင်း

*သင်္ဘောတစ်စင်း ပျောက်ဆုံးခြင်း (သို့) နစ်မြုပ်ခြင်းဖြစ်ပွားသောအချိန်တွင် သင်္ဘောသားများအား လျော်ကြေးပေးရေး တိကျသေချာစေရန်*

သင်္ဘောပျောက်ဆုံးခြင်း (သို့) နစ်မြုပ်ခြင်းဖြစ်ပွားသောကြောင့် သင်သည် ထိခိုက်ဒဏ်ရာရမှု၊ ဆုံးရှုံးမှု (သို့) အလုပ်လက်မဲ့ဖြစ်မှုတို့ဖြစ်ခဲ့ပါက လုံလောက်သော လျော်ကြေးငွေ ရယူပိုင်ခွင့်ရှိသည်။ ၎င်းလျော် ကြေးငွေကို သင်္ဘောပိုင်ရှင်မှ ပေးအပ်ရမည်ဖြစ်ပြီး ၎င်းက သက်ဆိုင်ရာဥပဒေအရ သင့်တွင်ရှိသော အခြားအခွင့်အရေး များကိုလည်း အခိုင်အမာတောင်းဆိုခြင်းမှ တားဆီးပိုင်ခွင့်မရှိပါ။

သင် အလုပ်လက်မဲ့ဖြစ်သည့်ကာလအတွက် စာချုပ်ပါအတိုင်း လက်ခံရရှိခဲ့ရမည့် တူညီသည့်ငွေပမာဏကို သင့်အားပေးချေရမည်။ သို့သော် ၎င်းစုစုပေါင်းပေးချေမှုသည် လုပ်ခလစာ ၂ လစာသာ ကန့်သတ်ထားသည်။

စည်းမျဉ်း ၂.၆

၁။ သင်္ဘောပျောက်ဆုံးခြင်း (သို့) နစ်မြုပ်ခြင်းတို့၏နောက်ဆက်တွဲ ထိခိုက်ဒဏ်ရာရမှု၊ ဆုံးရှုံးမှု (သို့) အလုပ်လက်မဲ့ဖြစ်မှုတို့ ဖြစ်ပွားပါက သင်္ဘောလုပ်သားများတွင် လုံလောက်သော လျော်ကြေးငွေ ရပိုင်ခွင့်ရှိသည်။

## လုပ်သားအင်အားအဆင့်များ

*ဘေးကင်း၊ အကျိုးများ၍ လုံခြုံစွာ သင်္ဘောမောင်းနှင်နိုင်မှုအတွက် လုံလောက်သော အမှုထမ်းများရှိသော သင်္ဘောများပေါ်တွင် သင်္ဘောသားများအနေဖြင့် အလုပ်လုပ်နိုင်ရေးသေချာစေရန်*

ဘေးကင်းစွာ နှင့် လုံခြုံစွာမောင်းနှင်သော သင်္ဘောပေါ်တွင် အလုပ်လုပ်ကိုင်ရန် သင့်တွင်အခွင့်အရေးရှိသည်။ သင်္ဘောမောင်းနှင်မှုမည်သည့် အခြေအနေတွင်မဆို သင်္ဘော နှင့် သင်္ဘောပေါ်လိုက်ပါသူအားလုံး၏ ဘေးကင်းရေး၊ လုံခြုံရေးကို သေချာစေရန် သင်္ဘောပေါ်တွင် အရေအတွက်အရရော အရည်အချင်းအရပါ လုံလောက်သော လုပ်သားအင်အားရှိရမည်။ လုပ်သားအင်အားအဆင့်များအနေဖြင့် လွန်ကဲသောအလုပ်ချိန်များရှောင်ရှားရန်လိုအပ်ချက်ကို ထည့်သွင်းစဉ်းစားပြီး၊ လုံလောက်သောအနားယူမှုကို ပေးအပ်ကာ၊ မောပန်းနွမ်းလျမှုကို တားဆီးရမည်။ ၎င်းတို့သည် အကျွေးမွေး နှင့် အစားအသောက်ဝန်ဆောင်မှု အပိုင်းတို့တွင်လုပ်ကိုင်သော သင်္ဘောသားများအတွက် လိုအပ်ချက်များကိုလည်း ထည့်သွင်းစဉ်းစားရမည်။

လုပ်သားအင်အားအဆင့်များသည် ရေကြောင်းခရီး၏ သဘောသဘာဝ နှင့် အခြေအနေအရပ်ရပ်ကိုလည်း ထည့်သွင်းစဉ်းစားရမည်။

အကယ်၍ သင့်အနေဖြင့် ရေယာဉ်အား လုံလောက်မှုမရှိသော လုပ်သားအင်အားနှင့် မောင်းနှင်နေသည်ဟု ယူဆပါက သင်၏အလုပ်သမား သမဂ္ဂ သို့မဟုတ် ITF လန်ဒန်သို့ တိုင်ကြားပါ။ စိုးရိမ်ပူပန်မှုများကို flag State အားတင်ပြရေးနိုင်ရေးအတွက် တိုင်ကြားချက်လုပ်ငန်းစဉ်တစ်ခု ရှိသင့်သည်။

စည်းမျဉ်း ၂.၇

၁။ သင်္ဘောသားမောပန်းနွမ်းလျမှု၊ ရေကြောင်းခရီး၏ သဘောသဘာဝ၊ အခြေအနေများ နှင့် ပတ်သတ်သောစိုးရိမ်ပူပန်မှုများကို ထည့်သွင်းစဉ်းစားကာ မည်သည့်အခြေအနေမျိုးတွင်မဆို ဘေးကင်းစွာ၊ အကျိုးများစွာ၊ လုံခြုံရေးကိုအလေးပေးစွာဖြင့် သင်္ဘောကို မောင်းနှင်နိုင်ရေး သေချာစေရန် အဖွဲ့ဝင်တစ်ဦးချင်းစီအနေဖြင့် ၎င်း၏ အလံလွှင့်ထူထားသော သင်္ဘောအားလုံးပေါ်တွင် သင်္ဘောသားအရေအတွက် အလုံအလောက်ခန့်အပ်ထားရေး တောင်းဆိုရမည်။

## သင်္ဘောသားများ ခန့်အပ်မှုအတွက် ဘဝတက်လမ်း၊ စွမ်းဆောင်ရည်တိုးတက်မှု နှင့် အခွင့်အလမ်းများ

*သင်္ဘောသားများအတွက် ဘဝတက်လမ်း၊ စွမ်းဆောင်ရည်တိုးတက်မှု နှင့် အလုပ်ခန့်အပ်မှု အခွင့်အလမ်းများကို မြှင့်တင်ရန်*

ပင်လယ်ရေကြောင်းလုပ်ငန်းကဏ္ဍတွင် လုပ်ငန်းကျွမ်းကျင်သော လုပ်သားအင်အားရှိရေး သေချာစေရန် ပင်လယ်ရေကြောင်းလုပ်ငန်း နှင့် ဆက်စပ်သောမည်သူမဆိုတွင် စိတ်ဝင်စားမှုရှိသည်။ သင့်အနေဖြင့် သင်၏ ကျွမ်းကျင်လိမ္မာမှုများ၊ အရည်အချင်းများ နှင့် လုပ်သားခန့်အပ်မှု အခွင့်အလမ်းများကို ခိုင်မာအောင်ပြုလုပ်ရန် အခွင့်အလမ်းရှိသည်။

စည်းမျဉ်း ၂.၈

အဖွဲ့ဝင်တစ်ဦးချင်းစီတွင် ပင်လယ်ရေကြောင်းလုပ်ငန်းကဏ္ဍ၏ အလုပ်ခန့်အပ်မှုပိုင်းကို မြှင့်တင်ရန်၊ ၎င်း၏ ပိုင်နက်တွင်နေထိုင်သည့် သင်္ဘောသားများအတွက် ဘဝတက်လမ်း၊ စွမ်းဆောင်ရည်တိုးတက်မှု နှင့် ပိုမိုကောင်းမွန်သော အလုပ်ခန့်အပ်မှုအခွင့်အလမ်းများကို အားပေးလှုံ့ဆော်ရန် ဥပဒေများ ရှိရမည်။

## ခေါင်းစဉ် ၃ - နေရာထိုင်ခင်း၊ အပန်းဖြေပစ္စည်းများ၊ အစားအသောက် နှင့် အကျွေးအမွေးစီမံခြင်း

- နေရာထိုင်ခင်း နှင့် အပန်းဖြေပစ္စည်းများ
- အစားအသောက် နှင့် အကျွေးအမွေးစီမံခြင်း

## နေရာထိုင်ခင်း နှင့် အပန်းဖြေပစ္စည်းများ

*သင်္ဘောသားများအတွက် သင်္ဘောပေါ်တွင် သင့်တော်ကောင်းမွန်သော နေရာထိုင်ခင်းနှင့် အပန်းဖြေပစ္စည်းများထားရှိရေး သေချာစေရန်*

သင့်အနေဖြင့် သင်္ဘောပေါ်တွင် ဘေးကင်း၍ သင့်တော်ကောင်းမွန်သော နေထိုင်မှု နှင့် အပန်းဖြေရေးပစ္စည်းများ ရပိုင်ခွင့်ရှိသည်။

လေးစားလိုက်နာမှု ရှိ မရှိ စစ်ဆေးသွားရမည်ဖြစ်သော စံနှုန်းအချို့အား flag State များ၏ အလံလွှင့်ထူထားသော သင်္ဘောများက လေးစားလိုက်နာရန် ၎င်းနိုင်ငံများအနေဖြင့် တာဝန်ပေးအပ်လျက် ဥပဒေများ နှင့် စည်းမျဉ်းစည်းကမ်းများကို ချမှတ်ရမည်။ သင်္ဘောတစ်စင်းကို မှတ်ပုံတင်သောအခါ၊ ပြန်လည် မှတ်ပုံတင်သောအခါ (သို့) သင်္ဘောပေါ်နေရာထိုင်ခင်းအတွက် အဓိကကျသောဖွဲ့စည်းပုံ အပြောင်းအလဲများ ပြုလုပ်သောအခါတွင် စစ်ဆေးမှုများကို ဆောင်ရွက်ရမည်။

နေရာထိုင်ခင်း နှင့် အပန်းဖြေပစ္စည်းများဆိုင်ရာဥပဒေများ နှင့် စည်းမျဉ်းစည်းကမ်းများသည် ကျန်းမာရေး၊ ဘေးကင်းလုံခြုံရေး နှင့် မတော်တဆဖြစ်ခြင်းမှ ကာကွယ်ခြင်းတို့အတွက် သဘောတူညီချက်၏ ပြဋ္ဌာန်းချက်များ (စာမျက်နှာ ၃၉ ကိုကြည့်ပါ) ကိုလည်း ထည့်သွင်းစဉ်းစားရမည်။

စံနှုန်းများကို သတ်မှတ်ရာတွင် အောက်ပါအချက်တို့ကို ဂရုပြုရမည်။

- အခန်းများ၏ အရွယ်အစား နှင့် အခြားနေရာထိုင်ခင်းများ
- အပူပေးစနစ်နှင့် လေဝင်လေထွက်စနစ်
- ဆူညံသံ၊ တုန်ခါမှု နှင့် အခြားပတ်ဝန်းကျင်အကြောင်းအရင်းများ
- သန့်ရှင်းရေးစနစ်အထောက်အပံ့များ
- အလင်းရောင်ရရှိမှု
- ဆေးရုံနေရာထိုင်ခင်း

အောက်ပါဇယားများတွင် စီစဉ်တင်ပြထားသော အနိမ့်ဆုံးပြဋ္ဌာန်းချက်များကို flag State များ၏ သင်္ဘောများအပေါ်တွင် လိုက်နာကြောင်းကို ဆိုင်ရာနိုင်ငံများမှ သေချာစွာသက်မှတ်ရမည်။ သို့ရာတွင် သင်္ဘောတည်ဆောက်ခြင်း၊ သတ်မှတ်ထားသော ပစ္စည်းကိရိယာတို့ နှင့် စပ်လျဉ်းသော ပြဋ္ဌာန်းချက်များသည် ဤသဘောတူညီချက် တာဝန်ဝတ္တရားများကို အတည်မပြုသေးခင် (ဆိုလိုသည်မှာ သဘောတူညီချက်ကို အတည်ပြုလက်မှတ်ရေးထိုးရန် လိုအပ်ချက်များကိုပြည့်မီပြီး အဆိုပါ flag State သည် လက်မှတ်ရေးထိုးပြီးသောအချိန်) တည်ဆောက်ထားသော သင်္ဘောများအပေါ်တွင် သက်ရောက်မှုမရှိပါ။

(အောက်ပါဇယားတွင် တစောင်းရေးသားထားသောစာများက ညွှန်ပြသည်မှာ ပြဋ္ဌာန်းချက်သည် စည်းမျဉ်းအစု အပိုင်း (ခ) လမ်းညွှန်ချက်များမှ ဖြစ်ကြောင်းဖြစ်သည်။)

| အထွေထွေ | ပြဋ္ဌာန်းချက် | ကင်းလွတ်ခွင့်များနှင့် ခွင့်ပြုချက်များ |
| --- | --- | --- |
| **သင်္ဘောတွင်း ကန့်ထားသောနံရံ** | ရေယိုစိမ့်မှု၊ ဓာတ်ငွေ့ယိုစိမ့်မှုမရှိဘဲ ရည်ရွယ်ချက်နှင့် ကိုက်ညီသည့် ပစ္စည်းများမှ တည်ဆောက်ထားရမည် | |
| **ခေါင်းနှင့်အမိုးကြားအကွာအဝေး** | လုံလောက်၍ ၂၀၃ စင်တီမီတာထက် မနည်း ရ | အကယ်၍ ကျိုးကြောင်းခိုင်လုံကာ သင်္ဘောသားများအနေဖြင့် သက်တောင့် သက်သာရှိပါက တာဝန်ရှိအာဏာပိုင်များက လျှော့ချမှု အတိုင်းအတာတစ်ခုအထိကို ခွင့်ပြုနိုင်သည် |
| **ကာကွယ်မှုဝတ္ထု ပစ္စည်း** | လုံလောက်ရမည် | |
| **အလင်းရောင်ရရှိမှုနှင့် ရေနုတ်မြောင်းစနစ်** | လုံလောက်ရမည် | |
| **သင်္ဘောများ၏ အပူပေးစနစ်** | လုံလောက်သောအပူပေးစနစ်များဖြစ်ရမည်။ ကုန်သွယ်ရေးဇရိယာ၏ပုံမှန်အခြေအနေများတွင် အပူပေးစနစ်များအား အလိုရှိသောအပူချိန်ကို ထိန်းညှိနိုင်ရမည်။ | အပူပိုင်းရာသီဥတုများတွင်သာ သင်္ဘောကုန်သွယ်နေသော အချိန် |
| **သင်္ဘောများ၏ လေဝင်လေထွက်စနစ်** | သင်္ဘောသားနေရာထိုင်ခင်း၊ ရေချိုးအခန်းများ နှင့် အဓိကစက်ထိန်းခန်းများအတွက် လေအေးပေးစနစ်ရှိရမည်။ လေဝင်လေထွက်စနစ် နှင့် လေအေးပေးစနစ်တို့သည် လုပ်သားများအတွက် သက်တောင့်သက်သာဖြစ်စေမည့် အနေ အထားများကို အမြဲတမ်းထိန်းသိမ်းရမည်။ | အပူအအေးမျှတသော ရာသီဥတုများတွင် သင်္ဘောပုံမှန်ကုန်သွယ်နေသော အချိန် |

| အထွေထွေ | ပြဌာန်းချက် | ကင်းလွတ်ခွင့်များနှင့် ခွင့်ပြုချက်များ |
|---|---|---|
| **ကျန်းမာရေး၊ ဘေးကင်းလုံခြုံရေး နှင့် မတော်တဆ ထိခိုက်မှုကာ ကွယ်ခြင်း** | ကျန်းမာရေး၊ ဘေးကင်းလုံခြုံရေး နှင့် မတော်တဆထိခိုက်မှု ကာကွယ်ခြင်း ပြဌာန်းချက်များသည် နေရာထိုင်ခင်း၊ အပန်းဖြေပစ္စည်းများနှင့် အကျွေးအမွေး ပံ့ပိုးမှုများကို သက်ရောက်မှုရှိသည်။ ၎င်းတို့သည် အန္တရာယ်များဖြစ်ပွားစေနိုင်သည့်ဘေးမှ ကာကွယ်ရမည်ဖြစ်ပြီး သင်္ဘောလုပ်သားများအတွက် လက်ခံနိုင်လောက်သည့် လုပ်ငန်းခွင်ဆိုင်ရာ နှင့် သင်္ဘောပေါ်နေထိုင်မှုပတ်ဝန်းကျင်ကို ဖြည့်ဆည်းပေးရမည်။ | |
| **ဆူညံသံ၊ တုန်ခါမှု၊ အခြား ပတ်ဝန်းကျင် အကြောင်းအရင်းများ နှင့် ဓာတုပစ္စည်းများမှ ကာကွယ်ခြင်း** | အန္တရာယ်များသောအဆင့်များရှိသည့် ဆူညံသံ၊ တုန်ခါမှု၊ အခြားထိခိုက်စေနိုင်သည့် ပတ်ဝန်းကျင်အကြောင်းအရင်းများ နှင့် ဓာတုပစ္စည်းများထိတွေ့နိုင်သည့်ဘေးမှ ကာကွယ်ရန် လက်တွေ့ကျသော ကြိုတင်ကာကွယ်မှုများကို ဆောင်ရွက်ရမည်။ နေရာထိုင်ခင်း၊ အပန်းဖြေရေး နှင့် အကျွေးအမွေး အထောက်အပံ့ပစ္စည်းများကို အင်ဂျင်များ၊ ပဲ့ကိုင်ခန်းများ၊ သဘော် ကုန်းပတ်ဝန် ချီစက်များ၊ လေဝင်လေထွက် စနစ်များ၊ အပူပေးစနစ်များ၊ လေအေးပေးစနစ်များ၏ ပစ္စည်းကိရိယာများ၊ အခြားဆူညံသောစက်ပစ္စည်း နှင့် ယန္တရားများရှိရာမှ တတ်နိုင်သရွေ့ ခပ်ဝေးဝေးတွင် နေရာချရမည်။ အင်ဂျင်ခန်း ဆူညံသံကို တားဆီးရန် လုံလောက်သော အသံလုံ စနစ် နှင့် ကာကွယ်မှုဝတ္တုပစ္စည်းတို့ ရှိရမည်။ လုပ်ငန်းခွင် နှင့် လူနေထိုင်ရာ နေရာတွင် ဆူညံသံအဆင့်များအတွက် ကန့်သတ်ချက် များသည် ILO နှင့် IMO နိုင်ငံတကာလမ်းညွှန်ချက်များ နှင့် ကိုက်ညီမှုရှိရမည်ဖြစ်ပြီး လမ်းညွှန်ချက်မိတ္တူများကို သဘော်ပေါ်တွင် သဘော်သားများမှ ရယူနိုင်ရန် ထားရှိပေးထားရမည်ဖြစ်သည်။ မည်သည့်နေရာထိုင်ခင်း၊ အပန်းဖြေ၊ အကျွေးအမွေး အထောက်အပံ့ပစ္စည်းများကိုမှ တရားလွန်တုန်ခါမှုဖြစ်စေအောင် မထားရှိရပါ။ | |
| **ခြင်ပြန့်ပွားမှုရှိသော ဆိပ်ကမ်းများသို့ ပုံမှန်ကုန်သွယ်နေသော သင်္ဘောများ** | သင့်တော်သောပစ္စည်းကိရိယာများဖြည့်ဆည်းထားရမည်။ | |

| အထွေထွေ | ပြဋ္ဌာန်းချက် | ကင်းလွတ်ခွင့်များနှင့် ခွင့်ပြုချက်များ |
|---|---|---|
| **ဆေးရုံနေရာထိုင်ခင်း** | သုံးနှစ်ထက်မနည်း ရေကြောင်းခရီးစဉ်များ လိုက်ပါခဲ့သော သင်္ဘောလုပ်သား ၁၅ ယောက်နှင့်အထက်ရှိသောသင်္ဘောများပေါ်တွင် ဆေးကုသရေးရည်ရွယ်ချက်များအတွက်သာ အသုံးပြုရမည့် သီးခြားဆေးရုံနေရာထိုင်ခင်းဖြစ်သည်။<br>၎င်းနေရာထိုင်ခင်းသည် သက်တောင့်သက်သာရှိရမည်ဖြစ်ကာ ကျန်းမာရေးဆွေးနွေးတိုင်ပင်မှု၊ ရှေးဦးသူနာပြုနည်းတို့အတွက်နှင့် ကူးစက်ရောဂါပျံ့နှံ့မှုမှ ကာကွယ်ရန်အတွက် ဖန်တီးထားရမည်။<br>သီးသန့်သန့်ရှင်းရေးစနစ် အထောက်အပံ့များရှိရမည်ဖြစ်ပြီး အနည်းဆုံးသန့်စင်ခန်းတစ်ခု၊ လက်ဆေးစင်တစ်ခုနှင့် ရေချိုး ဇလုံ/ရေပန်းတစ်ခု ရှိရမည်ဖြစ်သည်။ | ပင်လယ်ကမ်းခြေတွင်ကုန်သွယ်သော သင်္ဘောများအတွက် သက်သာခွင့်ရှိသည်။ |
| **စားသောက်ခန်းများ** | အိပ်ခန်းများ နှင့် သီးခြားဖြစ်ကာ မီးဖိုခန်းနှင့်နီးကပ်စွာထားရှိရမည်။ လုပ်သားအားလုံးအတွက် လုံလောက်ရမည်။ စားသောက်ခန်း (၁) ခန်းထက် ပိုရှိပါက (၁) ခန်းကို အကြီးအကဲ နှင့် အရာရှိများအတွက် ထားရှိရမည်ဖြစ်ကာ အခြားသင်္ဘောသားများအတွက် သီးခြားအခန်းများ ထားရှိရမည်။ လူ (၁) ဦးအတွက် ကြမ်းပြင်ဧရိယာသည် အနည်းဆုံး ၁.၅ စတုရန်းမီတာ ရှိရမည်။<br>စားသောက်ခန်းများတွင် လုံလောက်သောစားပွဲများ၊ ထိုင်ခုံများဖြည့်ဆည်းထားရမည်။ ဖျော်ရည်အပူများ၊ ရေအေးနှင့် အချိန်ပြည့်အသုံးပြုနိုင်ရန် အဆင်ပြေသောနေရာတွင် ထားရှိပေးထားသည့် ရေခဲသေတ္တာတစ်ခုတို့ကိုလည်း ဖြည့်ဆည်းပေးထားရမည်။ သင်္ဘောပိုင်ရှင်သည် အရည်အသွေးကောင်းသော ပန်းကန်များ၊ ခွက်များ နှင့် အခြားစားသောက်ခန်း အသုံးအဆောင်များကို ဖြည့်ဆည်းပေးထားရမည်။ | သင်္ဘောပိုင်ရှင်များ နှင့် သင်္ဘောသားများ၏ ကိုယ်စားလှယ်များ ညှိနှိုင်းဆွေးနွေးမှုတို့အရ စုစုပေါင်း တန်ပမာဏ ၃၀၀၀ ထက်နည်းသော သင်္ဘောများ ကင်းလွတ်ခွင့်ရှိနိုင် သည်။<br>ခရီးသည်တင်သင်္ဘောများပေါ်တွင် အကြံပြုထားသော ကြမ်းပြင်ဧရိယာ |

| အထွေထွေ | ပြဋ္ဌာန်းချက် | ကင်းလွတ်ခွင့်များနှင့် ခွင့်ပြုချက်များ |
|---|---|---|
| **အပန်းဖြေပစ္စည်းများ၊ သာယာအဆင်ပြေမှု** | သင်္ဘောပေါ်တွင် နေထိုင်အလုပ်လုပ်နေသော သင်္ဘောသားအားလုံး၏ လိုအပ်ချက်များ နှင့် ကိုက်ညီသင့်လျော်ရမည်။ ကျန်းမာရေး၊ ဘေးကင်းလုံခြုံရေး နှင့် မတော်တဆမှုများမှ ကာကွယ်ခြင်းတို့ကို ထည့်သွင်းစဉ်းစားရမည်။ အကောင်းဆုံးမှာ အောက်ပါတို့ထဲမှ အချို့ (သို့) အားလုံးကို ဖြည့်ဆည်းထားပေးရန်ဖြစ်သည်။ ၎င်းတို့မှာ ဆေးလိပ်သောက်ခန်း နှင့် ဘားများ၊ တီဗီ၊ ရေဒီယို၊ ဗီဒီယို၊ စီဒီ၊ ဒီဗီဒီ၊ ကွန်ပြူတာများ၊ အားကစားခန်းမ နှင့် ရေကူးကန်၊ စားပွဲတင်ကစားနည်းများ၊ ဖဲကစားနည်းများ၊ စာကြည့်တိုက်၊ လက်မှုပညာလေ့ကျင့်ရေးပစ္စည်းများ၊ အီးမေးလ် နှင့် အင်တာနက်ရရှိမှုအပါအဝင် ဆက်သွယ်ရေးပစ္စည်းများတို့ ဖြစ်သည်။ | |
| **အဝတ်လျှော် အထောက်အကူပြု ပစ္စည်းများ** | သင့်တော်သည့်နေရာတွင် ထားရှိဖြည့်ဆည်းပေးရမည်။ အဝတ်လျှော်အထောက်အကူပြုပစ္စည်းများတွင် အဝတ်လျှော်စက်များ၊ အခြောက်ခံစက် (သို့) အခြောက်ခံခန်းများ၊ မီးပူများ နှင့် မီးပူတိုက်သည့် ခုံတို့ပါဝင်သည်။ | သင်္ဘောပိုင်ရှင်များနှင့် သင်္ဘောသားများ၏ ကိုယ်စားလှယ်များ ညှိနှိုင်းဆွေးနွေးမှုတို့အရ စုစုပေါင်း တန်ပမာဏ ၂၀၀ ထက်နည်းသော သင်္ဘောများ ကင်းလွတ်ခွင့်ရှိနိုင်သည်။ |
| **အခြားအထောက်အကူပြု ပစ္စည်းများ** | အင်ဂျင်ဌာနဝန်ထမ်းများအတွက်အဝတ်လဲခန်းများ (ရှိခဲ့ပါက) ကို အလွယ်တကူဝင်ထွက်နိုင်ရမည်ဖြစ်ပြီး စက်ပစ္စည်းများထားရှိရာနေရာ၏ အပြင်ဘက်တွင်သာ ရှိရမည်။ ၎င်းအခန်းများကို ၁ ဦးချင်းသော့ ခတ်ဗီရိုများ၊ သန့်ရှင်းသော ရေပူရေအေးစီးဆင်းနေသည့် ရေချိုးဇလုံ/ရေပန်းများ နှင့် လက်ဆေးရေစင်များဖြင့် ဖြည့်ဆည်းထားရမည်။ | |
| **သင်္ဘောကုန်းပတ်နေရာ** | အလုပ်ချိန်ပြီးဆုံးသည့် သင်္ဘောသားများ သွားလာနိုင်မည့် ဖွင့်ထားသော သင်္ဘောကုန်းပတ်နေရာ | |
| **သင်္ဘောများ၏ ရုံးခန်း (များ)** | သင်္ဘောကုန်းပတ် နှင့် အင်ဂျင်ဌာနများမှ အသုံးပြုရန် | သင်္ဘောပိုင်ရှင်များ နှင့် သင်္ဘောသားများ၏ ကိုယ်စားလှယ်များ ညှိနှိုင်းဆွေးနွေးမှုတို့အရ စုစုပေါင်း တန်ပမာဏ ၃၀၀၀ ထက်နည်းသော သင်္ဘောများ ကင်းလွတ်ခွင့်ရှိနိုင်သည်။ |

| အထွေထွေ | ပြဋ္ဌာန်းချက် | ကင်းလွတ်ခွင့်များနှင့် ခွင့်ပြုချက်များ |
| --- | --- | --- |
| **စစ်ဆေးမှုများ** | သင်္ဘောပေါ်တွင် သင့်လျော်ကောင်းမွန်သော၊ သန့်ရှင်းသော၊ ကောင်းမွန်စွာ ထိန်းသိမ်းထားသည့် အခြေအနေများရှိရေး သေချာစေရန် အကြီးအကဲအနေဖြင့် မကြာခဏစစ်ဆေးမှုများကို ကွပ်ကဲရန်လိုအပ်ပါလိမ့်မည်။ | ၎င်းတို့သည် ယေဘုယျအားဖြင့် သင့်လျော်မှုနည်းသည့် အထောက်အကူပြုပစ္စည်းများရယူခြင်း အထိမရှိပါက |
| **ဘာသာရေး/လူမှုရေး အလေ့အကျင့်များအတွက်အပြောင်းအလဲများ** | ဘာသာရေး/လူမှုရေးအလေ့အကျင့်များအတွက် အပြောင်းအလဲများ | |

| အိပ်စက်ရာနေရာ | ပြဋ္ဌာန်းချက် | ကင်းလွတ်ခွင့်များ နှင့် ခွင့်ပြုချက်များ |
| --- | --- | --- |
| **ရေယာဉ်များပေါ်မှ အိပ်ခန်းများ၏ အခြေအနေ** | ဝန်စည်အဆင့်၊ သင်္ဘောဘေးအလယ် (သို့) ပဲ့ပိုင်း၏ အထက်တွင်ရှိရမည်။ | ခြွင်းချက်များအနေဖြင့် အိပ်ခန်းများကို သင်္ဘောတွင်း ကန့်ထားသောနံရံတိုက်နိုင်သည့် လမ်းကြောင်း၏ ရှေ့သို့ မရောက်ဘဲ သင်္ဘော၏ဦးပိုင်းတွင်ထားရှိနိုင်သည်။ |
| **ခရီးသည်တင် သင်္ဘောများ နှင့် အထူးရည်ရွယ်ချက်ဖြင့် သွားလာသော သင်္ဘောများပေါ်မှ အိပ်ခန်းများ၏ အခြေအနေ** | အထက်ပါအတိုင်း ။ | အကယ်၍ အလင်းရောင်ရရှိမှု နှင့် လေဝင်လေထွက်စနစ်တို့သည် လက်ခံနိုင်ဖွယ်ရှိပါက ဝန်စည်အဆင့်၏ အောက်တွင်ထားရှိနိုင်သည်။ သို့သော် အနောက်ဖေးလမ်းကြား၏ အောက်အဆင့်တွင် လုံးဝမထားရ။ |
| **အိပ်ခန်းများသို့ ရောက်ရှိနိုင်ခွင့်** | သင်္ဘောကုန်ပစ္စည်း နှင့် စက်ပစ္စည်းများ ထားရှိရာနေရာများ၊ မီးဖိုခန်းများ၊ ကုန်လှောင်ခန်းများ၊ အခြောက်ခံခန်းများ (သို့) အများသုံးသန့်စင်ခန်းများမှ တိုက်ရိုက်ဝင်ရောက် နိုင်ခြင်းမရှိစေရ။ | |
| **အိပ်ခန်း နှင့် စားသောက်ခန်းများ အတွင်း အလင်းရောင် ရရှိမှု** | သဘာဝအလင်းရောင် နှင့် လုံလောက်သော မီးချောင်းအလင်းရောင်။ အိပ်ခန်းအတွင်းရှိ မီးလုံးအသေးများတွင် လိုက်ကာများကာရံထားရမည်။ သင်္ဘောအိပ်စင်တစ်ခုချင်းစီတွင် စာဖတ်မီးအိမ်တစ်ခုစီထားပေးရမည်။ | ခရီးသည်တင် သင်္ဘောများပေါ်တွင် အထူးစီမံထားရှိပေးမှုများကို ခွင့်ပြုပေးနိုင်သည်။ |

| အိပ်စက်ရာနေရာ | ပြဋ္ဌာန်းချက် | ကင်းလွတ်ခွင့်များ နှင့် ခွင့်ပြုချက်များ |
|---|---|---|
| **အိပ်ခန်းများ နှင့် စားသောက် ခန်းများ အတွင်း လေဝင်လေထွက် နှင့် အပူပေးစနစ်** | လုံလောက်စွာရှိရမည်။ | |
| **ခရီးသည်တင် သင်္ဘောမဟုတ်သည့် ရေယာဉ်များပေါ်မှ အိပ်ခန်းများ** | တစ်ယောက်အိပ်ခန်းများဖြစ်ရမည်။ ခြွင်းချက်အနေဖြင့်အများဆုံး ၂ ယောက် ၁ ခန်းထားနိုင်သည်၊ အခန်းအကျယ် အဝန်းသည် ၇ စတုရန်းမီတာရှိရမည်။ | သင်္ဘောပိုင်ရှင်များ နှင့် သင်္ဘောသားများ၏ ကိုယ်စားလှယ်များ ညှိနှိုင်းဆွေးနွေးမှုတို့အရ စုစုပေါင်း တန်ပမာဏ ၃၀၀၀ အောက်သင်္ဘောများနှင့် အထူးရည်ရွယ်ချက်ဖြင့် သွားလာသော သင်္ဘောများ ကင်းလွတ်ခွင့်ရှိနိုင်သည်။ |
| **အိပ်ခန်းများ** | အမျိုးသားများ နှင့် အမျိုးသမီးများ အတွက် အိပ်ခန်းသီးခြားစီ ရှိရမည်။ လုံလောက်သော အကျယ်အဝန်းရှိရမည့်အပြင် လိုအပ်သော ပစ္စည်းများပါရမည်။ အိပ်စင်သီးခြားစီဖြစ်ရမည်၊ ဖြစ်နိုင်လျှင် အိပ်ခန်းတိုင်းတွင် ရေချိုးခန်း နှင့် သန့်စင်ခန်း သီးသန့်ပါသင့်သည်။ အိပ်ခန်းများတွင် မှန်၊ မှန်တင်ခုံ၊ စာအုပ်စင်၊ ကုတ်အင်္ကျီချိပ်များ ပါရှိရမည်။ သို့မှသာ Day Man သင်္ဘောသားများ အနေဖြင့် Watch Keeper နှင့် ၁ ခန်း တည်း အတူနေထိုင်ရခြင်း မရှိမည်ဖြစ်သည်။ | |
| **ကြမ်းပြင်ဧရိယာ- စုစုပေါင်း တန်ပမာဏ ၃၀၀၀ အောက်ရှိသော သင်္ဘောများ၏ အိပ်စင်ပါတစ်ယောက် အိပ်ခန်းများ** | ၄.၅ စတုရန်းမီတာ (အရာရှိများအတွက် ၇.၅ စတုရန်းမီတာ) | စုစုပေါင်း တန်ပမာဏ ၃၀၀၀ အောက် သင်္ဘောများ၊ ခရီးသည်တင်သင်္ဘောများ နှင့် အထူးရည်ရွယ်ချက်ဖြင့် သွားလာသော သင်္ဘောများတွင် ၁ ယောက် အိပ်စင်ပါအိပ်ခန်းများပေးနိုင်ရန် ဧရိယာကို လျှော့နိုင်သည်။ သင်္ဘောပိုင်ရှင်များ နှင့် သင်္ဘောသားများ၏ ကိုယ်စားလှယ်များ ညှိနှိုင်းဆွေးနွေးမှုတို့အရ စုစုပေါင်းတန်ပမာဏ ၂၀၀အောက် သင်္ဘောများ ကင်းလွတ်ခွင့် ရှိနိုင်သည်။ |
| **ကြမ်းပြင်ဧရိယာ- တန်ပမာဏ ၃၀၀၀ မှ တန်ပမာဏ ၁၀၀၀၀ ကြားရှိ သင်္ဘောများ၏ အိပ်စင်ပါ ၁ ယောက် အိပ်ခန်းများ** | ၅.၅ စတုရန်းမီတာ (အရာရှိများအတွက် ၇.၅ စတုရန်းမီတာ) | |